# 2009

Ashin Zawana
www.mettashin.org




# သစ္စာလေးပါး အပိုင်း(၃) တရားတော်

ချစ်သား၊ အဖော်နဲ့နေတယ်ဆိုတာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံ ငါးပါးတွေကို စွဲလမ်းတပ်မက်တဲ့ တဏှာနဲ့နေရင် အဲဒါကို အဖော်နဲ့နေတာလို့ဆိုတယ်။

# သစ္စာလေးပါး အပိုင်း(၃) တရားတော်

သာသနာတော်နှစ် ၂၅၄၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ်
တော်သလင်းလပြည့်ကျော် (၃) ရက်နေ့ည
တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင်ဓမ္မရိပ်သာအတွင်း၌
ကျင်းပပြုလုပ်အပ်သော ဝါတွင်းတရားစခန်း တတိယပတ်၌ဟောကြားအပ်သည့်
**သစ္စာလေးပါး အပိုင်း(၃) တရားတော်**

* * *

အခု သစ္စာလေးပါးတရားကိုတော့ ဦးစိုးကြီး မရှိတဲ့အတွက် မြောက်လက်က ဦးတင်မောင်ဇော်+ဒေါ်ရှုပိုတို့ မိသားစုများထံမှာ စာရင်းပေးသွင်းပြီး တိတ်ခွေကို ကူးယူရရှိနိုင်ပါတယ်၊ ဦးတင်မောင်ဇော် ဦးဆောင်ပြီးကူးယူ ပေးနေပါတယ်။ အရင်ရက်များက မနာကြားလိုက်ရတဲ့ ယောဂီများ၊ အရင်ရက်များကတော့ ရာသီဥတုလည်း မကောင်းတဲ့အတွက် မနာလိုက်ကြရဘူးပေါ့။ အခုဆို သစ္စာလေးပါးနဲ့ ပတ်သက်ပြီး ဦးဇင်းတို့ ဆက်ပြောရမှာက ရုပ်တရားနဲ့ နာမ်တရားက ယောဂီတို့ကို ဘယ်လို နှိပ်စက်တယ်ဆိုတာကိုပြောရမယ်၊ အဲဒါကို ဒုက္ခသစ္စာ အနက်လေးချက်ထဲမှာ-

**ပီဠနဋ္ဌော**- အမြဲနှိပ်စက်တတ်တဲ့ ရုပ်နဲ့နာမ်က ယောဂီတို့မှာ နှိပ်စက်လို့ နှိပ်စက်မှန်းလည်း မသိဘူး၊ ဥပမာပေးတော့ အမွှာပူးသားနှစ်ယောက်ကို ဥပမာပေးလိုက်တယ်၊ ပထမသားတစ်ယောက်က လက်ကျိုးခြေကျိုး ဝမ်းတွင်းရူးတဲ့၊ ရူးလည်းရူးသေးတယ်၊ ခြေလက်ကလည်း ကျိုးနေသေးတယ်၊ နောက်သားတစ်ယောက်ကကျတော့ မျက်စိကန်းနေတယ်၊ နောက် သူငယ်နာဝမ်းပျက်နေတယ်။ ဝမ်းပျက်တဲ့ ယောဂီပါလာတယ်ပေါ့၊ မစင်တွေကလည်း တပျစ်ပျစ်ပါချနေတာပေါ့၊ အဲဒီ သားဆိုးနှစ် ယောက်ကြောင့် မိခင်ကြီးဟာ မမောနိုင်မပန်းနိုင် ပြုစုလိုက်ရတာ ယောဂီတို့၊ မိခင်နေရာမှာ နေကြည့်၊ စိတ်ဆင်းရဲ စရာ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)။

ကြည့်ပါဦး၊ ဒီသားဆိုးနှစ်ယောက်၊ ကောင်းတဲ့အကွက်များတွေ့သေးရဲ့လား။

(မတွေ့ပါဘူးဘုရား)။

ကြည့်---သားတစ်ယောက်ကို ကြည့်ပြန်တော့လည်း ခြေတွေလက်တွေကကျိုး၊ ဘယ်မှ မသွားနိုင်၊ ကစား စရာရောင်းတဲ့ဆိုင် သွားချင်တယ်ဆို ဒီအမေကြီးက ထမ်းရပြန်ပြီ၊ သားအကျိုးလေးကိုနော်၊ တစ်ခါ သူက စိတ်ကလည်း ဖောက်ပြန်သေးတယ်တဲ့၊ အရူးလေးကိုး၊ တော်ကြာ ဟိုကျတော့ မယူချင်တော့ဘူး၊ ကစားစရာမယူ ချင်တော့ဘူး၊ ဗွီဒီယိုရုံပို့ပေး၊ ဟာ တစ်ခါသွားရပြန်ပြီ၊ ဗွီဒီယိုရုံကျတော့ ဟာဗွီဒီယို မကြည့်ချင်တော့ဘူး၊ အိမ်ပြန်ထမင်း စားချင်တယ်၊ ဟာ ဒီအမေကြီး တစ်ခါတည်း လျှာကိုထွက်လို့၊ စိတ်ကလည်း ရူး၊ ဖောက်ပြန်ပေါ့နော်၊ စိတ်ကလည်း ဖောက်ပြန်၊ ခြေကျိုးလက်ကျိုး၊ အဲဒါ ဘယ်သူပြောသလဲဆိုရင် နာမ်တရားက ပြောတာ၊ ဘာကပြောတာလဲ၊ (နာမ်တရားပါဘုရား)။

အဲဒီ ခြေကျိုးလက်ကျိုး ဝမ်းတွင်းရူးကို မစွန့်နိုင်ဘဲနဲ့ အပင်ပန်းခံပြီးတော့ ဒုက္ခအရောက်ခံပြီး တော့ တွယ်တာ နေတဲ့မိခင်ဆိုတာက ပုထုဇဉ်၊ ဘယ်သူလဲ။

(ပုထုဇဉ်ပါဘုရား)။

အေး. . . မဂ်ဉာဏ်ဖိုလ်ဉာဏ်မရတဲ့ ပုထုဇဉ်တွေဟာ အဲဒီအတိုင်းဘဲ၊ ဒီလောက်ဆိုးဝါးတဲ့ သားကို မပစ်နိုင်ဘူး၊ အခု ယောဂီတို့ ကြည့်စမ်း၊ အခု ယောဂီတို့မှာ နာမ်တရား၊ စိတ်၊ စေတသိက် မရှိဘူးလား။

(ရှိပါတယ်ဘုရား)။

# သစ္စာလေးပါး အပိုင်း(၃) တရားတော်

စိတ်၊ စေတသိက်ဆိုတဲ့ နာမ်တရားက ယောဂီတို့၊ သူခိုင်းချင်တာ လျောက်ခိုင်းအုံးမှာလေ၊ ခြေကျိုးလက်ကျိုး က ဆိုကြပါစို့၊ စီးပွားရေးကို ပုံမှန်မရှာချင်ဘူး၊ ချဲထိုးချဲထိုးဆိုလို့ရှိရင်ပေါ့ သူချစ်တဲ့၊ နာမ်တရားချစ်တဲ့ ပုထုဇဥ်တွေက ချဲမထိုးရဘူးလား။

(ထိုးရပါတယ်ဘုရား)။

အဲဒါကတော့ သူတို့သိတယ်၊ ချဲသမားချည်းဘဲ ဟုတ်လား၊ ထိုးရတယ်၊ နှစ်လုံးထိုးဆိုတော့ မထိုးရဘူးလား။

(ထိုးရပါတယ်ဘုရား)။

ဒါနဲ့ ဘုန်းကြီးတွေပါ ဆွမ်းမလောင်း ဘုန်းကြီးတွေလည်းငတ်ရော၊ ဟုတ်တယ်၊ သူတို့ နှစ်လုံးမပေါက်ရင် ဘုန်းကြီးတွေလည်း ငတ်ပေ့ါ၊ မလုပ်ကျနဲ့တော့၊ အဲဒါတွေ သာသနာပါ ပျက်တယ်၊ အဲဒီတော့ ယောဂီတို့ တစ်နေ့က ဦးဇင်းတို့ ပြောခဲ့ပြီလေ၊ နှစ်ဦးတောင်မှ အသက်ကို သေသွားရတာ၊ တစ်ဦးက ဦးစိုကြီးတို့ ဒေါ်ညွန့်ရီတို့ရဲ့ အမျိုးလေ၊ ရန်ကုန်မှာ ဗိုလ်မှူးဆရာဝန်ကြီး၊ ဆရာဝန်ဘွဲ့လည်းရတယ်၊ ဗိုလ်မှူးလည်း ဖြစ်တယ်၊ ဝန်ကြီးတစ်ဦးရဲ့သမီးနဲ့ ရထားတာ၊ ဘယ်လောက်အဆင်ပြေလဲ၊ ချမ်းသာလို့ တိုက်တွေ ကားတွေနဲ့၊ အဲဒါ မဟုတ်တဲ့၊ အဲဒီမယ် ခုနက ခြေကျိုးလက်ကျိုး အရှူးဆိုတဲ့ နာမ်တရားက အနှိပ်စက်ခံရတာ၊ အဲဒါ ဟိုကချဲထိုးလို့၊ ချဲတွေ ထိုးတာတဲ့၊ ကြည့်စမ်း။ ဒီလောက်ချမ်းသာနေတဲ့ ကြားထဲက တစ်ခါတစ်ရံ သူတို့စီးတဲ့ကားကြီးတွေက သိန်း(၃၀၀) (၄၀၀)၊ အဲဒီ သိန်းသုံးရာလေးရာ တစ်ခါတည်းထိုး၊ ကုန်၊ နောက်ငွေတွေကုန်၊ နောက်ဆုံးကျတော့ စိတ်တွေ ဆင်းရဲပြီးတော့ မဖြေနိုင်တော့ဘူး၊ အဲဒီကျတော့လည်း အရူးက ခိုင်းပြန်ပြီလေ၊ နာမ်တရားက မင်းကိုယ့်ကိုယ်ကို သတ်သေတဲ့၊ ဟော ခိုင်းပြန်ပြီ၊ ယောဂီတို့ အရူးပါဆိုမှတော့ ကောင်းတာ ခိုင်းပါ့မလား။

(မခိုင်းပါဘူးဘုရား)။

မခိုင်းဘူး၊ အဲဒီတော့ ခြေကျိုးလက်ကျိုးဆိုတဲ့ သားကို မိခင်က မစွန့်ဆိုသလိုဘဲ၊ ပုထုဇဥ်ကလည်း ကြည့်စမ်း၊ အဲဒီ နာမ်တရား ခြေကျိုးလက်ကျိုးဆိုတဲ့ နာမ်တရားက သူ့ဘာသူတော့ ဘယ်နေရာမှရောက်အောင် သွားလို့မရဘူး၊ ဒါကြောင့် ခြေကျိုးလက်ကျိုးလို့ပြောတာ၊ ရူးတယ်ဆိုတာက ဝိပလ္လာသတရားရှိလို့၊ ခန္ဓာငါးပါး မမြဲတာကို မြဲတယ်၊ ခန္ဓာငါးပါး ဆင်းရဲတာကို ချမ်းသာတယ်၊ ခန္ဓာငါးပါး အစိုးမရတာကို အစိုးရတယ်၊ ငါပိုင်တယ်၊ ခန္ဓာငါးပါး အသုဘ မတင့်တယ်တာကို တင့်တယ်တယ်လို့ အယူတွေမှား အမှတ်တွေမှား၊ အသိတွေမှားတာက ဝိပလ္လာသ။ ဖောက်ပြန်နေတာ၊ အဲဒါ နာမ်တရား၊ ဒါကြောင့် အခုကြည့်စမ်း၊ အဲဒီ ချဲသမားကြီး ချဲထိုးဆိုလည်း ထိုးတာဘဲ၊ တခြားက ခိုင်းတာလား၊ နာမ်တရားက ခိုင်းတာလား။

(နာမ်တရားက ခိုင်းတာပါဘုရား)။

ဝန်ကြီးသမီးရ ဗိုလ်မှူးလည်း ဖြစ်ပြန်၊ ဟုတ်လား၊ ဆရာဝန်လည်း ဖြစ်တဲ့ပုဂ္ဂိုလ်ကြီး၊ မွဲမသွားရဘူးလား။

(မွဲသွားရပါတယ်ဘုရား)။

မွဲတာပဲ၊ မွဲတော့ ယောဂီတို့ ကြည့်စမ်း၊ နာမ်တရားက မင်းကိုယ့်ကိုယ်ကို သတ်သေတဲ့၊ ခိုင်းပြန်ပြီ၊ အဲဒါ အိမ်သာထဲ ဝင်ပြီးတော့ ညသန်းခေါင်ချည်းပေ့ါ၊ အိမ်သာဂလန့်ချ၊ သူက ဆရာဝန်ဆိုတော့ သူ့ကိုယ်သူ သတ်တတ်တယ်၊ ညင်သာအောင်တော့ သတ်တတ်ပါတယ်၊ အဲဒီသူ လည်ပင်းကြီးကို ထုံဆေးတွေတော့ လိမ်းလိုက်တယ်ဆိုပဲ။ ပြီးမှ ဓားနဲ့တစ်ခါတည်း လှီးချပစ်လိုက်တယ်၊ အရေလေးပဲ ကျန်တယ်၊ ပြတ်သွားတယ်၊ ဘယ်သူမှ မသိပါဘူး၊ အိမ်သာထဲ လဲသေပေ့ါ၊ မိုးလင်းတော့မှ အဲဒီသူ့လည်ပင်းသွေးကြောတွေပြတ်တော့ တစ်ခါတည်း အိမ်သာ တစ်ခုလုံး သွေးတွေကိုရဲလို့၊ အဲဒီထဲက စီးကျတဲ့သွေးတွေ

ကိုက အိမ်ထဲရောက်နေပြီ၊ သွေးကို ချောင်းပေါက်သွားတာပါပဲ၊ အိမ်သာတံခါး ဖွင့်ကြည့်တော့ အသက်မရှိတော့ဘူး၊ ကဲ- ယောဂီတို့ အပေါ်ယံတရားနဲ့ကြည့်ရင်တော့ ကိုယ့်ကိုယ်ကို သတ်သေတာပေါ့၊ တကယ်တော့ ပုထုဇဉ်တွေ အကောင်းထင်တဲ့ ခြေကျိုးလက်ကျိုး၊ ဝမ်းတွင်းရှုးလို့ ခေါ်တဲ့ နာမ်တရားသတ်တာ၊ ဘယ်သူသတ်တာလဲ။

(နာမ်တရားက သတ်တာပါဘုရား)။

ပုထုဇဉ်ထဲမှာ ခြေကျိုးလက်ကျိုး၊ ဝမ်းတွင်းရှုး နာမ်တရားမရှိဘူးလား။

(ရှိပါတယ်ဘုရား)။

အခု ယောဂီတို့ သူနှိပ်စက်တာခံနေရတယ်လေ၊ အခုလဲ ဝမ်းတွင်းရှုးက ခိုင်းပြန်ပြီ၊ အဲဒါ လင်၊ အဲဒါ မယား၊ အဲဒါ သား၊ အဲဒါ သမီး၊ လျောက်ပြီးတော့ မဟုတ်တာတွေ ပညတ်တွေကို ပရမတ် အမှတ်ပေါ့၊ သူပြောတဲ့ မဟုတ်တာတွေ အဟုတ်ယူဆခိုင်းတယ်၊ အဲဒီတော့ ပုထုဇဉ်တွေကလည်း ဒါဟုတ်တယ်၊ ဒါ ငါ့သား၊ ဒါ ငါ့သမီး၊ အထင်တွေ မှားလို့ သမုတိအရ သာ သမီး၊ သားပါ၊ ပရမတ်အရ အမျိုးဆိုတာ ရှိရဲ့လား။

(မရှိပါဘုရား)။

ဘာမှ မရှိပါဘူး၊ သူလည်း ရုပ်နဲ့နာမ်၊ ကိုယ်လည်း ရုပ်နဲ့နာမ်၊ ဒီကယောဂီတို့ သဘောပေါက်ပြီး လား၊ ခန္ဓာဒုက္ခ မသိမှု အဝိဇ္ဇာ၊ ခန္ဓာလိုချင်တဲ့ တဏှာ၊ အဲဒီ ခန္ဓာရအောင် ပြုခဲ့တဲ့ကုသိုလ်ကံစေတနာ၊ အဲဒီ အဝိဇ္ဇာ, တဏှာကံဆိုတဲ့ တရားသုံးပါး ပေါင်းပြီးတော့၊ ဒီမှာ လူလာဖြစ်တာ၊ တကယ် စဉ်းစား ကြည့်ရင် ဒီအမေကြီး၊ ဒီအဖေနဲ့ ဘာမှ မတော်ပါဘူး၊ ဒီအမေဝမ်းထဲ ဖြစ်ခွင့်မရလျှင် တခြား အမေဝမ်း ထဲဖြစ်မှာပဲ၊ ကိုယ့်ဝမ်းနဲ့ကြုံရင် ကိုယ်ဝမ်းရောက်လာတာပေါ့၊ အဲဒါ မိခင်များကလည်းပဲ၊ အခုထဲက ဒီတရားလေး နှလုံးသွင်းထား၊ ဘာမှ မတော် ဘူး။

ကိုယ်လည်း ကိုယ့်အကြောင်းနဲ့ ကိုယ် သွားနေတာ၊ သူလည်း သူ့အကြောင်းနဲ့သူ လာဖြစ်တာ၊ အဲဒီလို သိထားရင် တကယ့်အရေး တကယ်ဘေးကျတော့၊ သောကတွေ မကြီးမားတော့ဘူး၊ ဖြေတတ်သွားပြီ၊ နို့မို့ဆိုရင် သေလောက်အောင်ခံရတတ်တယ်၊ မိခင်များကို စေတနာအပြည့်နဲ့ ရှင်းပြတာ၊ အခုထဲက ရှုထား၊ ဒီသား သမီးတွေ ငါတို့ သမုတိသစ္စာအရ သာ သားသမီးဘဲ၊ ပရမတ္ထသစ္စာအရ ဘာမှ မတော်ဘူး။ ဒါကြောင့် မေတ္တာတော့ ထား၊ ဘာတော့ ထား။

(မေတ္တာပါဘုရား)။

ကိုယ်မရှိ ရှိတာ ကျွေး၊ တဏှာနဲ့တော့ မတွယ်နဲ့၊ လောင်လိမ့်မယ်၊ ဘာတွယ်တွယ် တဏှာဆိုတာ လောင်တယ်၊ အဲဒီတော့ နာမ်တရားက ကြည့်စမ်း၊ အဲဒီ သားတွေ သမီးတွေအတွက် ရှာဖွေကျွေးကွာ၊ ခြေကျိုးလက်ကျိုး ဝမ်းတွင်းရှုးက နာမ်တရားက စိတ်၊ စေတသိက်က မခိုင်းဘူးလား။

(ခိုင်းပါတယ်ဘုရား)။

ရှာကျွေး လိုက်ရတာ၊ အခု ဒကာကြီးတွေကို ကြည့်စမ်း၊ အကာကြီးဦးတင်မောင်ဇော်တို့ ဦးစိုးကြီး တို့၊ ယောဂီတို့ တခါတည်း သူတို့ ခေါင်းတွေကို ကြည့်လိုက်ရင်၊ ဆံပင်မွေးတွေတောင် ပြောင်နေပြီ၊ ကတုံးရိတ်စရာ မလိုတော့ဘူး၊ အပူမီးတွေ လောင်တာဟုတ်လား၊ ယောဂီတို့ အဲဒီလောက် လောင်လည်း ပဲ စွန့်နိုင်ရဲ့လား။

(မစွန့်နိုင်ပါဘူးဘုရား)။

ယောဂီတို့ စောစောက မိခင်လိုပဲ အဲဒီလောက်ဆိုးတဲ့ သားကို စွန့်နိုင်သေးရဲ့လား၊ အပြီးသတ်ကျ တော့ မစွန့်နိုင်ဘူး၊ ကြည့်စမ်း၊ ယောဂီတို့ အဲဒါ နာမ်တရားက နှိပ်စက်နေတာ၊ ဘယ်သူနှိပ်စက်နေတာ လဲ။

# သစ္စာလေးပါး အပိုင်း(၃) တရားတော်

(နာမ်တရားက နှိပ်စက်နေတာပါဘုရား)။

အေး. . . ဒုက္ခသစ္စာမှာ အဲဒီလိုကို သိရမယ်၊ အော် ဒီလို နှိပ်စက်နေတာကိုး၊ ကဲ တစ်ခါ ညနေစာ ထမင်းလိုက်စား၊ ဒီဟင်း မကြိုက်ဘူး၊ ယောဂီတို့ တခြား ဟင်းက ရှာရဖွေရ ချက်ရပြန်၊ ဟော ဝမ်းတွင်းရှူး၊ ခြေကျိုးလက်ကျိုးသားက လျှောက်ခိုင်း၊ အမေနဲ့တူတဲ့ ပုထုဇဥ်ကလျှောက်လုပ်၊ ဘယ် ယောဂီတို့ သေတဲ့အချိန်ထိ နားချိန်များရှိလား။

(မရှိပါဘုရား)။

အကုန် လျှောက်ခိုင်းနေတာ၊ ပြီးတော့ ခိုင်းလိုက်ရင် မဟုတ်တာတွေချည်းဘဲ၊ ဥပုသ်နေ့ဆိုရင် ဥပုသ်မစောင့် နဲ့ ညနေစာ ငတ်တယ်၊ ဟော ခိုင်းပြီသူက၊ လျှောက်လည်၊ ရေကူးကန်တွေသွား၊ အဲဒီ နာမ်တရားကခိုင်းတာ၊ မခိုင်းဘူးလား။

(ခိုင်းပါတယ်ဘုရား)။

ပြီးတော့ ရေကူးကန်ထဲနစ်သေ၊ ခိုင်းတာ၊ ဟုတ်လား၊ သေတာကောယောဂီတို့ သေတာမရှိဘူး လား။

(ရှိပါတယ်ဘုရား)။

ရှိတယ်၊ အကုန် လျှောက်ခိုင်းတာ၊ ကောင်းတာ မခိုင်းဘူးနော်၊ မကောင်းတာတွေချည်းပဲ ခိုင်းတာ၊ ယောဂီတို့က အဟုတ်ထင်ပြီးတော့ ဟုတ်လား၊ ငါ့နာမ်၊ ငါ့စိတ်၊ ဟိုကတော့ မကောင်းတာချည်းပဲ၊ ကောင်းတာ တစ်ခုမှ မခိုင်းဘူး၊ ဒီတော့ ယောဂီတို့ စဉ်းစားကြည့်စမ်း၊ အော် ဝမ်းတွင်းလည်း ရှူးလာသေး၊ ခြေလက်ကလည်း ကျိုးနေသေး၊ အော် ငါတို့ ကြည့်စမ်း၊ သူခိုင်းသမျှ ဘယ်လောက် လုပ်ခဲ့ရသလဲဆိုရင် ဟိုး သံသရာအစကနေပြီး လုပ်လာရတာ၊ ဒီဝမ်းတွင်းရှူးခိုင်းတာကိုလေ၊ မဟုတ်တာတွေချည်းပဲ၊ မင်ညဏ် ဖိုလ်ညဏ်ရမယ့် အလုပ်ကျတော့ တစ်ခုမှ မခိုင်းဘူး၊ ခိုင်းရဲ့လား။

(မခိုင်းပါဘူးဘုရား)။

မခိုင်းဘူး၊ အဲဒါ ဦးတင်မောင်ဇော်ကြီးကတော့ ရိုးသားတယ်၊ သူကျောင်းရောက်ကာစက လျှောက် တယ်၊ “ဆရာတော် တပည့်တော်အရင်တုန်းကလေတဲ့၊ အလှူတွေ ဘာတွေ သွားဖိတ်ရင် သွားလိုက်တာပဲ ဘုရားတဲ့၊ အဲဒါ ထမင်းစားပြီး တန်းလစ်တာတဲ့၊ တရားနာရမှာ ကြောက်လို့”တဲ့၊ ဟုတ်လား၊ အဲဒါယောဂီ တို့ တခြားလား၊ နာမ်တရားက ခိုင်းတာလား။

(နာမ်တရားက ခိုင်းတာပါဘုရား)။

နာမ်တရားက ခိုင်းတာ၊ မင်းတရားမနာနဲ့ ၊ စားပြီးလစ်၊ ဟုတ်ရဲ့လား ယောဂီတို့၊ ကောင်းတာ ခိုင်းရဲ့လား။

(မခိုင်းပါဘူးဘုရား)။

ဒီညတော့ ဦးတင်မောင်ဇော်အလှည့်ပေါ့ ဟုတ်လား၊ တစ်ညတစ်ယောက် ပြောရမယ် သိလား၊ နောက်ညမှာတော့ ကိုဟုန်တင်အလှည့်သွားရမယ်၊ ဦးဟုန်တင်ကိုတော့ ဒကာကြီးတစ်ယောက်က နာမည် ပေးတယ်၊ “ဆဒ္ဒန်ဟုန်တင်” တဲ့၊ ဟုတ်ရဲ့လား၊ အီရတ်က ဆဒမ်ဟူစိန်က ဒေါသကြီးသလို ဦးဟုန်တင်က လည်း ဒေါသကြီးလို့တဲ့ ဒီနာမည်ကို ပေးလိုက်တာ။ နက်ဖြန် ဆဒမ်ဟူစိန်အလှည့်ပေါ့။

ကြည့်စမ်း ယောဂီတို့၊ နာမ်တရားဟာ ကောင်းတာပါရဲ့လား၊ (မပါပါဘူးဘုရား)၊ ကြည့်စမ်း ယောဂီတို့ နာမ်တရားက နှိပ်စက်လိုက်တာ။

နာမ်တရားက နှိပ်စက်တဲ့နေရာမှာ အမျိုးသမီးတွေဆို ပိုဆိုးသေးတယ်၊ အဝတ်အစား အသစ် အဆန်းလေးတွေပေါ်တိုင်း ဆိုင်ကို ရှေ့ဆုံးကပြေးရတာ ယောကျ်ာတွေလား၊ မိန်းမတွေလား၊ (မိန်းမတွေပါဘုရား)၊

ကြည့်စမ်း ဝမ်းတွင်းရှူးခိုင်းတာ လုပ်ကြရတာ၊ အိမ်မှာကြည့်တော့လည်း အဝတ်တွေက ပုံလို့၊ ဒါလည်းပဲ အသစ်အဆန်းပေါ်ရင် ပြေးဝယ်ရ တာ ထိတ်ဆုံးကပဲ။

ထင်ပါတယ်၊ အဲဒီဝမ်းတွင်းရှူး ခြေကျိုးလက်ကျိုး နာမ်တရားက စေခိုင်းတာကို ခံရတဲ့အမျိုးသမီးတွေ သေရင်တော့ အဝတ်ပုံထဲမှာ ပြိတ္တာဖြစ်မှာ၊ ယောဂီတို့ရေ သူတို့အဝတ်အစားတွေက ပုံထပ်နေတာပဲနော်၊ ဘာမှ ဟုတ်တာလည်း မဟုတ်ဘူး၊ စဉ်းစားကြည့်ကြစမ်းပါ၊ စိတ်ချမ်းသာချင်ရင် လောဘသတ်၊ စိတ်ချမ်းသာချင်ရင်ဘာသတ်၊

(လောဘသတ်ပါတယ် ဘုရား)။

တကယ်ချမ်းသာဟာ မှတ်ထား၊ လောဘကင်းတဲ့နေရာမှာ ရှိတယ်၊ ယောဂီတို့ လောဘသာရှိနေရင် ယောဂီတို့ မဆင်းရဲဘူးလား၊ (ဆင်းရဲပါတယ်ဘုရား)၊ ဟာ တအားဆင်းရဲဘဲ၊ လောဘကုန်တဲ့အခါမှာ ချမ်းသာတယ်၊ ဟုတ်တယ် မဟုတ်လား၊ ဒါကြောင့် လောဘကိုသာကုန်အောင်ကြိုးစား၊ တကယ်ချမ်းသာချင်ရင်ပေါ့နော်၊ ဒါဦးဇင်းတို့ ယောဂီတို့ ကိုယ်တွေ့နည်းနဲ့ ပြောနေတာ၊ စွဲလမ်းမှုလောဘတွေနည်းလေ၊ ချမ်းသာလေပဲ၊ အော် ဒီနာမ်တရားကို ကြည့်စမ်း၊ ယောဂီတို့ ကောင်းတာတစ်ခုမှ မခိုင်းဘူး၊ မကောင်းတာတွေ အကုန်ခိုင်း၊ နောက် ယောဂီတို့ ရုပ်တရားတဲ့၊ ဘာတရား၊ (ရုပ်တရားပါဘုရား)။

အဲဒီရုပ်တရားဆိုတဲ့ သားကကျတော့ ဥပမာပေးလိုက်ပြီ၊ သူက ဘာလဲဆိုလို့ရှိရင် မျက်စိကန်းသတဲ့၊ ဘာတဲ့၊ (မျက်စိကန်းပါတယ်ဘုရား)၊ မွေးကတည်းက ကန်းလာတယ်၊ အဲဒီသားက ရုပ်ဆိုတဲ့သားက၊ နောက်ပြီးတော့ သူက ဝမ်းပျက်ရောဂါပါတယ်၊ ဘာရောဂါပါတယ်၊ (ဝမ်းပျက်ရောဂါပါဘုရား)၊ ဝမ်းပျက်ရောဂါဆိုတာ ဓာတ်လေးပါး ဖောက်ပြန်တာကိုပြောတာ၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါး အမြဲတမ်း မဖောက်ပြန်ဘူးလား၊ (ဖောက်ပြန်ပါတယ်ဘုရား)။

ဖောက်ပြန်နေတာ ယောဂီတို့၊ အမြဲတမ်း ဖောက်ပြန်နေတာ၊ ကောင်းတဲ့အချိန်တစ်ချိန်မှ မရှိဘူး၊ အဲဒီလို ဖောက်ပြန်တာကိုပဲ ဝမ်းပျက်ရောဂါလို့ ဥပမာပေးထားတယ်၊ သူက မျက်စိကန်းတယ်ဆိုတာ ဘာမှ မသိဘူး၊ အခုယောဂီတို့ ဘုန်းကြီးကို လှမ်းကြည့်တယ်၊ ဘုန်းကြီးလို့ မသိဘူးလား၊

(သိပါတယ် ဘုရား)။

ယောဂီတို့ တရားနာမလည်ရင်လေ အန္ဓပုထုဇဉ်အနေနဲ့ဆို ငါမျက်စိကြီးက မြင်တယ်လို့ထင်တယ်၊ မျက်စိက မမြင်ဘူး၊ မျက်စိက မသိဘူး၊ နာမ်တရား စိတ်ကလေးက သိတာ ဟုတ်လား၊ မျက်စိကြီးက သိလို့ရလား၊ (မရပါဘူးဘုရား)၊ မရဘူး၊ ဒါတရားတွေနာဖူးမှ နားလည်တာ၊ လက်တွေ့သိချင်ရင် သေတဲ့လူတစ်ယောက်၊ မျက်လုံးကြီး ဖွင့်လိုက်စမ်းပါ၊ သူ့ရှေ့ လူတစ်ယောက်သွားရပ်၊ အဲဒီလူသေက မြင်နိုင်ရဲ့လား၊ (မမြင်နိုင်ပါဘူးဘုရား)။

မျက်လုံးတော့ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ လူလို့ သိလို့ရလား၊ (မရပါဘူးဘုရား)၊ အဲဒါ နာမ်မရှိလို့ ဟုတ်တယ် မဟုတ်လား၊ ဒါကြောင့် မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ထိတိုင်း, တွေးကြံတိုင်း သိ,သိသွားတာဟာ ဘာတရားလဲ၊ (နာမ်တရားပါဘုရား)၊ နာမ်တရား ယောဂီတို့၊ ဒီလို သိရမယ်နော်၊ နာမ်တရားက သိတာ၊ အဲဒီတော့ ရုပ်ကလေးက သိနိုင်ရဲ့လား၊ (မသိနိုင်ပါဘူးဘုရား)။

အဲဒီလို မသိနိုင်တာဟာ အကန်းလို့ ပြောတာ၊ ဒါဖြင့်ရုပ်တရားက ဘာတဲ့၊ (အကန်းပါဘုရား)၊ အကန်း၊ ဘာမှ မသိဘူး၊ ဒီတော့ အကန်းဆိုတော့လည်း ဒီအကန်းသားကို အမေဟာ ပို့ရပြန်တာပဲ တွဲခေါ်ပြီးတော့ပေါ့၊ သူက ခြေလက်သာ ကောင်းတာ၊ ကန်းနေတာကို၊ ဝမ်းတွင်းပျက်တဲ့၊ တဗျစ်ဗျစ်ပါချ၊ ဒါတွေလည်း တစ်ခါတည်း ဆေးကြော သုတ်သင်၊ နားချိန်ကိုမရှိဘူး၊ အဲဒီတော့ ဒီရုပ်တရားကလည်း ယောဂီတို့ကို ကောင်းကျိုးတစ်ခုမှ မပေးဘူး။ နောက် သူကဝမ်းတွင်းပျက်ဆိုတော့ ယောဂီတို့ရုပ်တွေ

ဖောက်ပြန်နေပြီ၊ ကဲယောဂီတို့ ဆိုကြပါစို့ တစ်ချို့ယောဂီများ ဦးနှောက်သွေးကြော တွေပျက်ပြီးတော့ ဖြုန်းကနဲ မသေဘူးလား၊
(သေပါတယ်ဘုရား)။

အေး ယောဂီတို့ အဲဒါ ရုပ်ကဘဲသတ်တာ၊ ဘယ်သူကသတ်တာလဲ၊ (ရုပ်ကသတ်တာပါဘုရား)။ ဘယ်သူမှသွား အမှုပတ်မနေနဲ့၊ ကိုယ်ယူထားတဲ့ ၊ကိုယ်ဆုတောင်းထားတဲ့၊ ကိုယ်မွေးထားတဲ့သားလို့ခေါ်တဲ့၊ ရုပ်ကကိုယ့်ကိုသတ်တာ သူကသူငယ်နာဝမ်းပျက်လေ၊ ဝမ်းအမြဲတမ်းပျက်နေတာ၊ ဗဖာက်ပြန်တာကို ပြောတာ၊ အဲဒီတော့၊ အပေါ်ယံကြည့်ရင်တော့၊ သြော်. . ဦးနှေက်သွေးကြောကပြတ်သေးတယ်၊ တကယ်တော့ ယောဂီတို့ ပထဝီဓာတ်ကြီးဖောက်ပြန်လို့ သေတာ၊ ဘာဓာတ်ဖောက်ပြန်၊ (ပထဝီဓာတ်ဖောက်ပြန်တာပါဘုရား)။

ကိုင်း ယောဂီတို့ ရလာတဲ့ရုပ်တရားက မနှိပ်စက်ဘူးလား၊ (နှိပ်စက်ပါတယ်ဘုရား) ယောဂီတို့ရေ အဲဒီလိုသိမှ ရုပ်နာမ်ကိုလိုချင်စိတ်ပျေက်လာတာ၊ နိဗ္ဗိတဉာဏ် ပေါ်လာတာ၊ သြော် ဒီလိုဒုက္ခပေးတာကိုး၊ တစ်ခါယောဂီတို့ တစ်ချို့ဆိုလို့ရှိရင်လေ၊ ဗိုက်ကြီးထဲရေတွေပြည့်၊ အဆုတ်ထဲရေတွေဝင်၊ တစ်ချို့ဗိုက်ကြီးတွေဖောင်း၊ ရေပြင်းရောဂါတွေ့ဖူးတယ်မဟုတ်လား၊ (တွေ့ဖူးပါတယ်ဘုရား)။ တွေ့ဖူးတယ်၊ သေတာများတာပဲ၊ အဲဒီရေဖျင်းရောဖြစ်ရင် ဗိုက်ကြီးတွေဖောင်း၊ ပက်လက်ကြီးမလှုပ်နိုင်ဘူး၊ အဲဒီတော့တစ်ခါတည်း ပိုက်တွေနဲ့စုပ်ထုတ်လည်း ရေတစ်အိုးစာလောက်ရတယ်၊ နောက်ဆုံးတော့သေတာပဲ၊ မသေဘူး လား၊ (သေပါတယ်ဘုရား)၊ အပေါ်ယံကြည့်ရင်တော့ ရေဖျင်းရောဂါပေ့ါ၊ တကယ်တော့ ကိုယ်တောင်းတဲ့ မျက်စိကန်းနေတဲ့ ဝမ်းပျက်ရောဂါပါပဲ၊ အာပေါဓာတ်ရုပ်တရားက သတ်လိုက်တာပါပဲ၊ မသတ်ဘူးလား၊ (သတ်ပါတယ်ဘုရား)။

သေရတာပဲ၊ ကြည့်စမ်း၊ ကိုယ့်ကိုသတ်မည့် ရုပ်တရားတွေ၊ ဦးဇင်းတို့ ယောဂီတို့ စောင့်ရှောက်နေတာ ဘယ်လောက် မိုက်လိုက်သလဲလို့၊ ဒီရုပ်တရားတွေကိုလေ သန့်ရှင်းရေးတွေလုပ်ရ၊ ထမင်းစားပေးရ၊ ပြီးတော့ အဲဒီမှာ ဒကာမကြီးဒေါ်မြင့်လေးတို့ ဝမ်းချုပ်လို့ အိမ်ပြန်ပြေးရတာ ဟုတ်လား၊ ဒုက္ခရောက်လိုက်တာ၊ ယောဂီတို့ ပြောအုံးမယ်၊ ကျန်းမာရေးအတွက်လေ၊ ဒီဦးဇင်းတို့ ထိုင်ချိန်ပြီးရင် တစ်နာရီမနားရဘူးလား၊ (နားရပါတယ်ဘုရား)။

အဲဒီအချိန် ယောဂီတို့ လမ်းကလေးလျှောက်ကြနော်၊ ယောဂီတို့မှာ လမ်းလျှောက်တာမရှိလို့ ဝမ်းတွေချုပ်ကုန်ကြတာ၊ ဟုတ်လား၊ အဲဒါကြောင့်မို့ လမ်းကလေးလျှောက်၊ ဒီကြားထဲ ဟိုဟာပြုရင် ဦးဇင်းစီမှာ အာယုသုခဆေးလေးရှိတယ်၊ အခုဒေါ်မြင့်သိန်းတို့ ဒေါ်မြင့်တို့လည်း ပေးထားတယ်၊ လိုရင်လည်း လာယူပြီးတော့သောက်၊ အဲဒီဆေးလေးက သူကဝမ်းပျော့တယ်၊ နောက်အကြောင်းပြေတယ်၊ နောက်ဆွမ်းတွေဘာတွေလည်း စားလို့ အဆင်ပြေတယ်ပေ့ါ၊ အဲဒါလေး သောက်ကြ။ အဲဒီတော့ ဒီအာပေါဓာတ်ကလည်း ငါတို့ကို ဒုက္ခပေးတာဘဲ၊ သေအောင်သတ်တာဘဲ၊ တစ်ခါ တေဇောတဲ့၊ ခုနက ယောဂီများ တေဇောဓာတ်တဲ့၊ ကဲ တစ်ချို့ အပူတွေလွန်ပြီးတော့ မသေဘူးလား၊ (သေပါတယ်ဘုရား)၊ အပေါ်ယံကြည့်ရင်တော့ ဖျားလို့ သေတာ၊ အဖျားလွန်ပြီးတော့၊ မဟုတ်ဘူးလား ယောဂီတို့၊ အဲဒါ တေဇောမြှေကိုက်တာဟုတ်လား၊ တေဇောဓာတ်က သတ်လိုက်တာ ကိုယ်မွေးထားတဲ့သား ကိုယ့်ပြန်မသတ်ဘူးလား၊ (သတ်ပါတယ်ဘုရား)။

ကိုင်း အဲဒါ ယောဂီတို့ နှိပ်စက်တာဆိုတာ မသေချာဘူးလား၊ (သေချာပါတယ်ဘုရား)၊ နှိပ်စက်လိုက်တာ၊ သေအောင်ကို နှိပ်စက်တာ၊ တစ်ချို့ယောဂီတို့ လေဖြတ်သွားပြီတဲ့၊ တလောကဘဲ၊ ဒကာမကြီးတစ်ယောက် ပြောတယ်၊ စိတ်မကောင်းစရာ၊ ဒကာမတစ်ယောက်အမေက ဒီကိုယ်တစ်ခြမ်း လေဖြတ်သွားတာတဲ့၊ မထနိုင်တော့ဘူး၊ ကြည့်စမ်း၊ မသေမချင်း အဲဒီပက်လက်ကြီးနေရတော့မယ်၊ အဲဒီတော့ အဲဒါ

လည်း အပေါ်ယံကြည့်ရင်တော့ လေဖြတ်တာပေါ့၊ တကယ်တော့ ဒါလည်း ယောဂီများ ကိုယ်ဆုတောင်း ယူထားတဲ့ ဝါယောဆိုတဲ့ မျက်စိကန်း၊ ဝမ်းတွင်းပျက်သားကသတ်တာ၊ မသတ်ဘူးလား၊ (သတ်ပါတယ် ဘုရား)။

ဒီတော့ ရုပ်ကော နာမ်ကော ယောဂီတို့ကို အမြဲတမ်း မနှိပ်စက်ဘူးလား၊ (နှိပ်စက်ပါတယ်ဘုရား)၊ ဘယ်လောက် အထိနှိပ်စက်သလဲဆိုရင် သေတဲ့အထိ၊ ဘယ်လောက်အထိ နှိပ်စက်တာလဲ၊ (သေတဲ့အ ထိပါဘုရား)၊ ကိုင်း အဲဒါကိုမှ ထပ်ပြီး လိုချင်ပါသေးတယ်ဆိုရင် ယောဂီတို့ သူ့လောက်မိုက်တာရှိအုံး မလား၊ (မရှိပါဘုရား)၊ အခုမှ လူမိုက်တွေနဲ့ လာတွေ့နေတယ် ဟုတ်လား၊ အမိုက်တွေ၊ အော် ဟုတ်တယ် ငါတို့ မိုက်လိုက်ကြတာ၊ ဒါနလေး တစ်ခုပြုပြီး တောင်း လိုက်တဲ့ဆုတွေ မကုန်နိုင်ဘူး ဟုတ်လား၊ များများဆုတောင်းတဲ့ လူတွေကို ဦးဇင်းကတော့ ဟိုရွှေစက်တော်က ရှမ်းကြီးလို ဖြစ်စေချင်တယ်။

အဲဒီရှမ်းကြီးက လက်ဘက်ခြောက်တွေ ခြင်းကြီးတစ်ခြင်းနဲ့ ထမ်းလာပြီးတော့ ရွှေစက်တော်ဘုရား ဖူးရင်း လိပ်ဥတူးရင်းပေါ့လေ၊ သူက ဘုရားလည်း ဖူး၊ လက်ဘက်ခြောက်လည်း ရောင်းမယ်ပေါ့၊ ရောက် ရောက်ချင်း ရွှေစက်တော်ဘုရားကြီးကို လက်ဘက်ခြောက်နှစ်တောင်းကို တော်ရာမှာချပြီးရှိခိုး၊ ဆုတွေ တောင်းလိုက်တာ၊ တစ်ပုံကြီးပဲ၊ ယောဂီတို့ အဲဒီတောင်းတဲ့အထဲမှာ နောက်ဆုံးတစ်ခုက ပါလိုက်သေး တယ်၊ တပည့်တော် ရှမ်းပြည်ကပါလာတဲ့ လက်ဘက်ခြောက်တွေ ချက်ချင်းကုန်အောင်မစတော်မူပါ ဘုရားတဲ့။

အဲဒီအချိန်မှာ နောက်က သူခိုးက မသွားရော၊ မရှိတော့ဘူး၊ နှစ်တောင်းစလုံး၊ ချက်ချင်းကို ကုန် သွားတာပဲ၊ လှည့်ကြည့်တော့ မရှိတော့မှ ဘုရားကို ပြန်ပြောတယ်၊ အဲဒီလို မတာတော့လည်း မြန်လွန်း အားကြီးတာပေါ့ဘုရားတဲ့၊ ဟုတ်လား၊ ဖြစ်မှ ဖြစ်ရလေ၊ ကြည့်စမ်း၊ ယောဂီတို့ အဲဒီတော့ ယောဂီတို့ဟာ လျှုတာနည်းနည်း၊ တောင်းတာက များတယ်ဟုတ်လား၊ ဒီတော့ ယောဂီတို့ အဲဒါ တစ်ခြားလား၊ တဏှာ က တောင်းတာလား၊ (တဏှာက တောင်းတာပါ ဘုရား)။

တဏှာက နှိပ်စက်လိုက်တာနော်၊ ယောဂီတို့ အများကြီး နှိပ်စက်ခံရတယ်၊ ဒီရုပ်နဲ့နာမ်က ယောဂီတို့ကို အမြဲတမ်း နှိပ်စက်တယ်၊ မသေမချင်း နှိပ်စက်နေမှာ၊ ဒါကြောင့် ယောဂီတို့က ဒါနပြုရင် ရုပ်၊ နာမ်မရှိတဲ့ နိဗ္ဗာန်ကိုဆုတောင်း ဟုတ်ပြီလား၊ အေး လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ ဘယ်ဘုံဖြစ်ဖြစ်၊ ရုပ်နာမ်မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ ရှိတိုင်း မနှိပ်စက်ဘူးလား၊ (နှိပ်စက်ပါတယ်ဘုရား)၊ နှိပ်စက် တယ် ယောဂီတို့၊ နားချိန် အားချိန်မရှိဘူး။

တစ်ချို့ကထင်တယ်၊ ဟာ အရှင်ဘုရား အခုမြိတ်က ဒကာ, ဒကာမတွေ ပြောရမယ်၊ မြိတ်က ဒကာ, ဒကာမတွေက နတ်ပြည်တော့ အရောက်များမှာ ဖြောက်ပြောတာ မဟုတ်ဘူး၊ တအား လှူကြ တယ်၊ ဒါနကျတော့ နတ်ပြည်ဆိုတာလည်း တစ်ချို့ကထင်မယ်၊ ဟာ ငါတို့တော့ နတ်ပြည်ရောက် ရင် တော့ ကိစ္စပြီးပြီ၊ ပန်းတိုင်ရောက်ပြီ ဆိုပြီးတော့၊ မဟုတ်ဘူး၊ ယောဂီတို့ အဲဒါ လမ်းခုလတ်၊ အဲဒီနတ်ပြည် မှာလည်းဘဲ စောစောက ခြေကျိုးလက်ကျိုး၊ ဝမ်းတွင်းရူး နာမ်တရား၊ နောက်မျက်စိကန်း၊ ဝမ်းပျက်ရောဂါ ရုပ်တရားက နှိပ်စက်တာဘဲ၊ တစ်ခုလောက်နားထောင်။ အဲဒီမှာယောဂီတို့ တစ်ချို့အရယ်သန်တဲ့နတ် တွေရှိတယ်တဲ့ သိလား၊ ဦးဇင်းတော့ထင်တယ် အဲဒါမြိတ်ကလူတွေ ဖြစ်မယ်ထင်တယ်၊ ဒီကလူတွေက အရယ်သန်တာကိုး၊ အဲဒီနတ်တွေကယောဂီတို့ ဘယ်လောက်အရယ်သန်သလဲလို့ တစ်ယောက်နဲ့တစ် ယောက် ရယ်စရာတွေပြောပြီး ရယ်လိုက်ကြတတဲ့လေ၊ မနားဘူးတဲ့၊ နောက်ဆုံး နတ်သြဇာစားချိန်တွေ လွန်သွားရော ရယ်ရင်းနဲ့သေရောတဲ့။ အဲဒီနတ်ပြည်ရောက်ရော ခဏလေးနဲ့ချောသွားရော၊ အဲဒါမြိတ်က ဒကာ ဒကာတွေသတိထားနော်၊ မလွန်စေနဲ့၊ သူ့အချိန်သူစားရတယ်၊ အဲဒါစာချိန်မစားဘဲအရယ်

လွန်ရင်တော့သေကော၊ အဲဒီလိုသူတို့စားချိန်လဲမစား မိလောက်အောင်ရယ်ခိုင်းတာလဲ နာမ်တရားဘဲ၊ ဘယ်သူလဲ၊ (နာမ်တရားပါဘုရား)။

ကဲနာမ်တရားကနတ်ပြည်တောင်လိုက်မနိုပ်စက်ဘူးလား၊ (နှိပ်စက်ပါတယ်ဘုရား) နှိပ်စက်တယ်၊ တစ်ခါကပြောဦးမယ် နောက်ထပ် မနောပဒေါသိကတဲ့၊ သူကတော့ ဣဿာ မစ္ဆရိယသမား တစ်ချို့ကိုယ့်ထက်သာရင်မနာလိုတာမရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ ရှိတယ်၊ ဒကာ ဒကာမတွေ တစ်ချို့ တော်တော်ဆိုးတယ်နော်၊ အဲဒါလေးမှတ်သွား၊ ကိုယ့်ထက် စီးပွား၊ ဥစ္စာ၊ ရာထူးသာရင်မနာလိုတော့ဘူး၊ ဘယ်လိုဒုက္ခပေးရမလဲ အဲဒါကြံနေတာ၊ မလုပ်ကောင်းဘူး၊ ကိုယ်ထက်သာတာကိုကဝမ်းသာရင် မုဒိတာဆိုတဲ့ ကုသိုလ်ဖြစ်တယ်၊ အဲဒါ ကုသိုလ်ယူမယ့်အစား မနာလိုတဲ့ ဣဿာ၊ အကုသိုလ်သွား ယူတာသေရော၊ အဒါဆိုကြပါစို့၊ ယောဂီတို့တစ်ချို့လည်း၊ သေခါနီးကျတော့ ကိုယ်ပြုထားတဲ့ ဒါနကို အာရုံပြုပြီး နတ်ပြည်ရောက်တာပေါ့။ ဒါပေမယ့် လူ့ဘဝတုန်းက မကောင်းတဲ့၊ မနာလိုတဲ့၊ အကျင့်က နတ်ပြည်အထိ ပါသွားရော၊ ကြည့် ဟိုကျတော့ ကိုယ့်ထက်သာတဲ့ နတ်သား နတ်သမီးနဲ့တွေ့ရော၊ မနာလိုဘူးတဲ့ ဘေးကနေပြီးတော့ကြည့်စမ်း၊ ဒီနတ်သားက ဒီနတ်သမီးက ငါ့ထက်ပိုလှတယ်၊ ငါ့ထက် အခြံအရံတွေများတယ်၊ ငါ့ထက်ဗိမာန်ကြီးတယ်ဆိုပြီးမနာလိုတဲ့ဣဿာ မစ္ဆရိယ မီးတွေကလောင်ရော၊ ဣဿာဟာဒေါသနှင့်ယှဉ်တယ်၊ ဘာနဲ့ယှဉ်တယ်၊ ( ဒေါသနှင့် ယှဉ်ပါတယ် ဘုရား)။

ပြင်တယ်ယောဂီတို့၊ အဲဒီမီးတွေက အဲဒီအတိုင်းချက်ချင်းလောင်ပြီးတော့သေတယ်၊ နတ်တွေသေရင် ခန္ဓာကိုယ်ပျောက်သွားတယ်၊ ပြီးတော့ငရဲကျသွားတယ်၊ အဲဒီလိုနတ်တွေလည်း အများကြီးပဲ၊ အဲဒီတော့ သူ့ကိုလည်းပဲ ကိုယ့်ထက်သာတာကိုမနာလိုပြစ်ခိုင်းတာ၊ တစ်ခြားလား နာမ်တရားလား၊ (နာမ်တရား ပါဘုရား)။

ကဲနာမ်တရားကယောဂီတို့ နတ်ပြည်ရောက်တာတောင်ချမ်းသာပေးရဲ့လား၊ (မပေးပါဘူးဘုရား)၊ မပေးဘူးနှိပ်စက်နေတာ၊ ဪဒါဆိုရင် ငါတို့ရဲ့ရုပ်နဲ့နာမ်ရှိနေသမျှဒီအနှိပ်အစက်ခံကြရမှာပါလား၊ ရုပ် နာမ်ကင်းတဲ့ ဒီနိဗ္ဗာန်သာလျှင် ဒီနှိပ်စက်မှုကလွတ်တာဆိုတော့ ယောဂီတို့ ရဟန္တာဖြစ်အောင် မြန်မြန်အား ထုတ်ကြရမယ်၊ ယောဂီတို့ဟုတ်လား၊ မြတ်စွာဘုရားကလေရဟန္တာဖြစ်မှ ဗုဒ္ဓအလိုကျတယ်တဲ့၊ ဓမ္မပဒမှာ သညာသိနဲ့ပညာသိအခန်းမှာ၊ နဲနဲကြည့်ပေါ့၊ အဲဒီအထဲမှာအခုဦးဇင်းဟောတဲ့ သစ္စာလေးပါးတရားကို လည်း ယောဂီတို့ ဝမ်းသာ စရာပေါ့၊အခုဒီကဦးဇင်းမြိတ်မြို့မှာသာသနာပြုရအောင်၊ ဒီမြေတွေစလှူတဲ့၊ နောက်လယ်ကဦးမောင်မောင်စိုး ဒေါ်ရှုဟုန်မိသားစုများက ဒီအခုညပိုင်း ဟောတဲ့သစ္စာလေးပါးတရားကို စာအုပ်လုပ်ပြီးတော့လှူလိမ့်မယ်၊ ဦးဇင်းဒီနေ့ တစ်နေကုန်ရေးထားတာ ပြီးသွားပြီ (၁၇)နှစ်မျက်နှာပေါ့၊ ယောဂီတို့အဲဒါတန်းထွက်မှာ အမှတ်တရစာအုပ်ကလေးတွေ ရလိမ့်မယ်။ တရားနာပရိသတ်များကိုလည်း ဝေပါလိမ့်မယ် သူတို့များများရိုက်မှာပါ၊ ဪ ဒီတော့ငါတို့ဒီရုပ်နဲ့နာမ်တွေဟာ ဖြစ်ရာဘဝလိုက်ပြီးနှိပ် စက်နေတာပါလား၊ ဒီရုပ်နာမ်တွေဟာ ငါတို့အတွက် ကောင်းတာတစ်ခုမှမရှိပါလားလို့သံဝေဂ ယူရမယ်၊ အဲဒါဆိုယောဂီတို့ ဒီရုပ်နဲ့နာမ်ရနေသမျှမဆင်းရဲဘူးလား၊ (ဆင်းရဲပါတယ်ဘုရား)။

ဒါဆို ဒီရုပ်နဲ့နာမ်မရအောင်လုပ်ဖို့ မလိုဘူးလား၊(လိုပါတယ်ဘုရား) ဒါဆိုဒီရုပ်နဲ့နာမ်ရအောင် လုပ်တာကဘယ် သူလဲလို့ကြည့်လိုက်တော့ သမုဒယသစ္စာ ဟောပေါ်ပြီ၊ ရုပ်နဲ့နာမ်ရအောင် ဘယ်သူလုပ် ပေးတာလဲ၊ (သမုဒယသစ္စာကလုပ်ပေးတာဘုရား)။ မြန်မာလိုဆိုရင် လိုချင်လို့ရတာ၊ ဘာဖြစ်လို့၊ (လိုချင်လို့ပါရတာပါဘုရား)၊ လိုချင်လို့ရတာ၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်၊ အကျဉ်းလေးပြောမှာပေါ့ ဆိုကြည့်၊ မသိလို့လိုချင်၊ (မသိလို့လိုချင်)၊ လိုချင်လို့ပြုလုပ်၊ (လိုချင်လို့ပြုလုပ်)၊ ပြုလုပ်တော့ရရှိ (ပြုလုပ်တော့ရရှိ )၊ ရရှိတော့ခံကြပေတော့၊ (ရရှိတော့ခံကြပေတော့) အဲဒါယောဂီတို့ မြန်မာတွေအတွက် ပဋိစ္စသမုပ္ပါဒ်

နေတာ၊ အကျဉ်းလေး၊ ဒါ စွန်းလွန်းဆရာတော်ကြီးဆုံးမတာ၊ မသိလို့ဆိုတာ အဝိဇ္ဇာ၊ ဒီရုပ်တွေနာမ်တွေဟာ အမြဲတမ်းနှိပ်စက်တယ်လို့မသိတာဟာ တစ်ခြားလား အဝိဇ္ဇာလား၊(အဝိဇ္ဇာပါ ဘုရား)။

အဝိဇ္ဇာဆိုတာ မောဟ၊ သူကမသိအောင်လုပ်ထားတာ၊ မသိဘူးဆိုတာ အကျဉ်းချုပ်ကတော့၊ သစ္စာလေးပါး မသိတာပဲ၊ အဲဒီလို သူကမသိတော့ကျတော့ ဒီခန္ဓာလိုချင်ရော လိုချင်တာ တဏှာပေါ့၊ လိုချင်တာဘာလဲ၊ (တဏှာပါဘုရား)။

တဏှာ၊ တဏှာနဲ့လိုချင်တော့ ရရာရကြောင်းကြိုးစားပြီတဲ့၊ ပြုလုပ် ပြုလုပ်ဆိုတာယောဂီတို့ သင်္ခါရလေ၊ ကုသိုလ်သင်္ခါရပေါ့၊ လူ့ဘဝလိုချင်တော့ ဒါန၊ သီလ၊ ကုသိုလ်သင်္ခါရလုပ်တာပေါ့၊ အဲဒီလိုကုသိုလ်လုပ်တော့ လူ့ဘဝ လာမရဘူးလား၊ (ရပါတယ်ဘုရား)။

အဲဒီတော့ မသိလို့ လိုချင်၊ လိုချင်တော့ပြုလုပ်၊ ပြုလုပ်တော့ရရှိသွားပြီ၊ အခုလူ့ဘဝကြီးကရရှိနေပြီ၊ ရရှိတော့ယောဂီတို့သည်မသေမချင်း ရုပ်နဲ့နာမ်ကနှိပ်စက်တာမခံရဘူးလား၊ (ခံရပါတယ်ဘုရား)၊ အဲဒီတော့ ယောဂီတို့ အတိတ်က ယောဂီတို့သည်၊ အဝိဇ္ဇာ၊ တဏှာနော်၊ သင်္ခါရဟုတ်လား၊ ဒီသုံးပါးက အတူတူပါဘဲ၊ ကံနဲ့ သင်္ခါရနဲ့ အတူတူဘဲ။

အဝိဇ္ဇာ၊တဏှာ ကံတွေလုပ်ခဲ့လို့၊ အခုဘဝ ရုပ်နာမ်ခန္ဓာလာရတယ်၊ အတိတ်အကြောင်းပေါ့၊ အဲဒီတော့ တစ်ပစ္စုပ္ပန်လည်းပဲ ဟောဒီအဝိဇ္ဇာ တဏှာကံ တွေပြန်လုပ်ရင် နောက်တစ်ခါ အနာဂါတ်မှာ ခန္ဓာထပ်မရဘူးလား၊ (ရပါတယ်ဘုရား)၊ ဒါဆိုရင် အဲဒီအကြောင်းတရားကိုသတ်ရင် အကျိုးတရားလာဦးမလား၊ (မလာပါဘူးဘုရား)။

အဝိဇ္ဇာသတ်နေပြီနော်၊ အဲဒီအဝိဇ္ဇာကဦးဆောင်နေတယ်၊ အသီးတစ်ရာအညှာတစ်ခုတဲ့၊ ကိလေသာတွေဘယ် လောက်များများ၊ ဆိုကြပါစို့ ၊ယောဂီတို့ ဟိုအသီးတစ်ရာရှိတဲ့၊ စပျစ်သီးအတွဲကြီး မျက်စိထဲ မြင်ကြည့်လိုက်စမ်း၊ အလုံးတစ်ရာရှိတယ် အဲဒါတစ်လုံးချင်းဖြုတ်နေရင် မပြီးဘူး ကြာတယ်၊ တစ်ခါတည်း ပြီးချင်ရင်အညှာဖြုတ်ချလိုက်၊ အကုန်မပါဘူလား၊ (ပါပါတယ်ဘုရား)။ အခုလည်းယောဂီတို့ ဒီအတိုင်းပါပဲတဲ့၊ အဲဒီခန္ဓာကို တပ်မက်လိုချင်ရင် အဝိဇ္ဇာ တဏှာကံ ခန္ဓာမသိဘူး ရုပ်နာမ်မသိဘူး၊ ပြင်လိုက်တယ်၊ ကားလေးတစ်စင်းမြင်တယ် ကောင်းလိုက်တာ ကောင်းလိုက်တာပါ ကျဲရိုးကားလေး၊ အဲဒါပညတ် တကယ်တော့ အဲဒီအချိန်မှာယောဂီတို့ ခန္ဓာငါးပါးဖြစ်ပြီးတော့ မပျက်ဘူးလား၊ (ပျက်ပါတယ်ဘုရား)။

ကားဆို ကဲအဆင်းရုပ်ရူပက္ခန္ဓာဖြစ်ပျက် တစ်စက္ကန့်အတွင်းအကြိမ်ပေါင်း ကုဋေငါးထောင်ကျော်၊ ကားဆိုတဲ့ အသိစိတ် နာမ်တရားလေးမျက်စိထဲမှာလည်း ဖြစ်ပျက်၊ တစ်စက္ကန့်အကြိမ်ပေါင်း ကုဋေတစ်သိန်းကျော်၊ ကားဆိုတဲ့ အဆင်းခံစားတဲ့ဝေဒနာစေတသိက်ဖြစ်ပျက်၊ ကားလို့မှတ်သားတဲ့ သညာက္ခန္ဓာဖြစ်ပျက်။ ဆက်ကြည့်ရင်သင်္ခါရက္ခန္ဓာ ဖြစ်ပျက်၊ ဒါ့ကြောင့် ယောဂီတို့က ကားဆိုတဲ့ ပညတ်တွေအပေါ်မခံနဲ့၊ လူဆိုတဲ့ ပညတ် အပေါ်မခံနဲ့၊ အဲဒီမြင်တာ နဲ့ခန္ဓာငါးပါးအနိစ္စ လို့စိတ်ထဲက ရှုပွားရင် ဒါခန္ဓာပဲလို့ သိတာဟာ ဝိဇ္ဇာ၊ ခန္ဓာဘဲလို့သိတာဟာဘာလဲ၊ (ဝိဇ္ဇာပါဘုရား)။

ဝိဇ္ဇာလိုက်လာရင် အဝိဇ္ဇာပျောက်တယ်၊ အဝိဇ္ဇာကို ဝိဇ္ဇာနဲ့သတ်ရတယ်၊ အမောဟဆိုတာ ပညာပဲ၊ ဒါ့ကြောင့် အဲဒီကားကိုမြင်တာနဲ့၊ လူမြင်တာနဲ့ခန္ဓာငါးပါးအနိစ္စလို့ သိလိုက်ရင် အဝိဇ္ဇာတစ်ခါတည်းသေတယ်၊ ယောဂီများ မသိမှုအဝိဇ္ဇာ၊ သေသွားလို့ရှိရင်၊ သိသွားရင်လိုချင်သေးလား။ (မလိုချင်တော့ပါဘူး ဘုရား)။

အမြဲတမ်းဖြစ်ပျက်နေတယ် တလစက်ဖြစ်ပျက်နေတဲ့ ခန္ဓာကြီးပဲဆိုရင် လိုချင်တဲ့တဏှာ လာဦးမလား၊ (မလာပါဘူးဘုရား)၊ အဲဒီတော့သိရင် မလိုချင်တော့ဘူး၊ မလိုချင်လို့ရှိရင် ယောဂီတို့ ရရာရကြောင်း ကံတွေလုပ်ဦး မလား၊ (မလုပ်တော့ပါဘူးဘုရား)၊ မလုပ်ဘူး၊ ဒါ့ကြောင့် နောက်ဘဝခန္ဓာပြတ် နိဗ္ဗာန်ရောက်ပေါ့၊ ဒါအဖြေပဲ၊ ဒီနည်း အတိုင်းသွားရမယ်။ ဒါအခုဒီမှာ စခန်းဝင်တဲ့ယောဂီများ ဒီစကား

တွေ အကုန်နားလည်တယ်၊ သူတို့အခြေခံတွေအကုန်နားထား ပြီးပြီ၊ ဒါကြောင့် ဦးဇင်းက အခုညတရားတွေနားလည်အောင် အဲဒါနေ့ခင်းပိုင်းမှာအချိန်ယူပြီးနားခိုင်းတာ၊ ဟောဒီလို ကိုး၊ ငါတို့တရားတွေ လျှောက်သတ်နေတာ ဘယ်ဟုတ်လို့တုန်း၊ အဝိဇ္ဇာ တဏှာကသတ်ရင် အကုန်အသေဘဲ၊ ဒါဆိုရင်အဲဒီမှာ အခုတဏှာကိုသတ်ဖို့ ဆိုတော့တဏှာရဲ့ ဆိုးကျိုးကိုနားထောင်ကြဦးစို့၊ တဏှာပါဠိလိုပြောတော့ လောဘစေတသိက်ပေါ့၊ ဘာစေတသိက်လဲ၊ (လောဘစေတသိက်ပါဘုရား)။

လောဘဟာ လိုချင်တာဘဲသိတယ်၊ တစ်ခြားဘာမှမသိဘူး၊ အဲဒီတော့ ဒီလောဘက ဘယ်လောက်ထိ လိုချင်သလဲ ဘယ်လောက်ထိဆိုးကျိုးတွေပေးသလဲဆိုရင် ဒီတဏှာလောဘက သက်ရှိကိုဖြစ်စေ သက်မဲ့ကိုဖြစ်စေ စွဲလမ်းတပ်မက်တဲ့ စိတ်နဲ့သေရင်ပြိတ္တာဘုံရောက်တယ်၊ အခုပြိတ္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်မှန်သမျှ လောဘကြောင့်ဖြစ်တာ သြော်. . ပြိတ္တာဘုံပို့ကြတာ လောဘကိုး၊ တစ်ခါ အဲဒီလောဘဓာတ်တွေက ဒီထက်များလာမယ်ဆိုရင်တဲ့ ကမ္ဘာလောက ကြီးအင်တော်ဘေးဆိုက်တယ်တဲ့။ အင်တော်ဘေး မဆိုက်ဘူးလား၊ (ဆိုက်ပါတယ်ဘုရား)။

ဆိုက်တယ်၊ အဲဒါလောဘကလုပ်တာ၊ ဒီထက်ပိုပြီးတော့ လောဘဓာတ်တွေများအုံးမယ်ဆိုရင်၊ ကမ္ဘာလောကကြီး မီးလောင်ပြီးတော့ ပျက်ရော၊ ကမ္ဘာမီးလောင်တယ်လို့ မကြားဖူးဘူးလား၊ အဲဒီကမ္ဘာလောင်တဲ့မီး ဘယ်သူရှို့သလဲဆိုရင် လောဘကရှို့တာ၊ သြော် ဒီလောက်ဆိုးတာကိုး၊ ဒ့ါကြောင့်ဘုရားက။

သမုဒယသစ္စာကို မင်းတို့ အသေသတ်ကြ၊ ပယ်သတ်ကြလို့ သေချာမှာတာ၊ ဒီလောဘကဘယ်လောက်ဆိုးလဲ၊ ဟို လောဘကယောဂီတို့ သူကလေ ဟို. . လိုချင်စွဲလမ်းတာတစ်ခုဘဲ၊ ဒီလိုစွဲလမ်းရင် ဘယ်လိုဒုက္ခရောက်သွားမလဲ ဘယ်လိုသုခရောက်သွားမလဲ ဘာမှတွေးခေါ်တတ်တဲ့ပညာမရှိဘူး၊ ဒါဆိုရင် လောဘကငါတို့အတွက် ရန်သူဘဲ၊ အနီးကပ် ရန်သူ၊ ပိုမြင်သာအောင် ယောဂီတို့ကိုတစ်ခုလောက်မှာပေ့ါ။

အဲဒါဦးဇင်း သီရိလင်္ကာနိုင်ငံ သီဟိုကျွန်း၊ အဲဒီမှာ လင်မယားနှစ်ယောက်ရှိကြတယ်၊ အဲဒီယောကျ်ားက သူ့မယားကို တအားချစ်တာပေ့ါ အရွယ်လည်း အရွယ်ကောင်း တွေကိုး၊ အဲ တစ်ရက်တော့ သူ့ဇနီးက သူ့ညီနဲ့ ဖောက်ပြန်ကြရော၊ အဲဒီတော့ ညီအငယ်ကိုလိုချင်တော့ ဒီမိန်းမက သူ့လင်ကြီးကို သတ်ခိုင်းတယ်တဲ့၊ နင်ငါနဲ့ အတူတူပေါင်းသင်းချင်ရင် နင့်အစ်ကိုကိုသတ်၊ ဟိုကလည်း မသတ်ချင်ဘူးပေ့ါ၊ ဟာ မသတ်ရင်ငါနဲ့ပေါင်းလို့မရဘူး၊ သတ်မှဖြစ်မယ် ဘာညာနဲ့ပေ့ါလေ ပြောတော့၊ ဟိုကောင်ကလည်း ထောင့်ငါးရာကိလေသာဇောတွေကပ်တော့၊ အဲဒါသတ်မယ်၊ ဘယ်လိုသတ်မလဲ၊ မပူနဲ့ ငါနည်းပေးမယ်တဲ့ ဒီနေ့ညနေပဲသတ်ပစ်လိုက်တဲ့၊ နင့်အစ်ကို အလုပ်ကပြန်လာရင် ငါကသူ့ကို ဆံပင်တွေဘာတွေနမ်းကြည့်မယ်၊ ပြီးတော့ ခေါင်းလျှော်ခိုင်းလိုက်မယ်၊ သူခေါင်းလျှော် မယ့်မြစ်ကမ်းနေရာမှာ သစ်ပင်ကြီး တစ်ပင်ရှိတယ်၊ နင်ကအဲဒီပင်ပေါ်ကနေပြီးတော့ ထက်နေတဲ့ ရဲဒင်းနဲ့ စောင့်ခုတ် လိမ့်မယ်၊ သူရေထဲကို ခေါင်းငုံ့လျှော်နေတဲ့အချိန်မှာ၊ ဇာတ်ပိုးကနေဖြတ်ချပစ်လိုက်၊ ယောဂီတို့တကယ်ခိုင်းတာ၊ အဲဒါဟိုကောင်ကသွားပြီးစောင့်ပေ့ါ၊ လင်ကြီးပြန်က နွားကြီးတဲ့ ဘာမှမသိရှာဘူး။ ရောက်လာလောက်တော့ မယားက ပြုံးပြုံးရွှင်ရွှင်နဲ့ ကြိုဆိုပေ့ါ၊ အဟုတ်မှတ်လို့ တစ်ခါတည်း ပစ္စည်းတွေဘာတွေ ဘေးချပြီးတော့ အင်္ကျီတွေချွတ်ပေးပြီး တော့၊ ယပ်တွေဘာတွေခပ်ပေးပြီးတော့၊ ဆံပင်လေးကိုကိုင်နမ်းပြီးတော့ ဟင် ရှင့်ဆံပင်တွေက မသန့်တော့ဘူး ညစ်ပတ်နေပြီ၊ ခေါင်းလျှော်လိုက် သွားသွားရော ဟောဒီမှာခေါင်းလျှော်ရည်၊ မြစ်ဘယ်နားလေးမှာ ရေလေးကသန့်တယ်။

သေမယ့်နေရာ ယောဂီတို့ ဘယ်လောက်ကြောက်စရာ ကောင်းလဲ၊ အဲဒါ တဏှာကခိုင်းတာပဲ၊ နာမ်တရားပဲ၊ သတ်ခိုင်းပြီ ကိုယ့်လင်ကို ကိုကအဟုတ်မှတ်လို့ အင်း. . . ငါ့မယား ငါ့အပေါ်တော်တော် သိတတ်တာပဲ၊ ကြည့်စမ်း ငါ့ခေါင်းညစ်ပတ်တာတောင်သိတယ်၊ တော်တော်. . တော်တဲ့မိန်းမ အမလေး တဏှာနဲ့ထွက်သွားရှာတယ်၊ ယောဂီတို့ ဟိုကခေါင်းလည်းလျှော်ရော၊ ညီကဆင်းလာပြီးတော့ ဇက်ပိုးက

နေခုတ်ဖြတ်ချလိုက်တာ ခေါင်းပြတ်ပြီးတော့ ရေထဲကန်ချ မြောသွားရော၊ ပြီးရော ဇာတ်လမ်းကပြီးတော့ ပြန်လာပြီးပေါင်းသင်းနေထိုင်ကြတာပေါ့၊ ပြောပြီယောဂီတို့ တဏှာဆိုတာ စွဲလမ်းတာတစ်ခုပဲ လုပ်တတ်တာ၊ ကောင်းကျိုးဆိုးကျိုးတွေတော့တတ်တဲ့ ပညာပါရဲ့လား၊ (မပါပါဘူးဘုရား)။ သတိထား ယောဂီတို့ တဏှာဆိုတာ စွဲလမ်းတာတစ်ခုပဲ ဘာမှသူမတွေးတတ်ဘူး၊ ကဲ အခုကြည့် သူ့ကိုသတ်တဲ့မိန်းမကိုလေ အဲဒီလူကိုစွဲလမ်းတဲ့ လေဘတဏှာနဲ့ သေသွားတာ၊ အဲဒီအိမ်မှာပဲ မြွေကြီးပြန်ဖြစ်တယ်၊ မြွေကြီးက အဆိပ်တော့ မရှိဘူးပေါ့၊ မြွေကြီးဖြစ်တော့ တစ်ခါတည်း သူ့မှာဒီမိန်းမ အပေါ်တဏှာကခိုင်းတော့လေ၊ မခွဲနိုင် မခွာနိုင်ဖြစ်ပြီးတော့လေ မြွေဆိုတော့ မိန်းမနဲ့ အတူသွားလို့ကလည်းမရဘူး၊ အဲဒါအိမ်ခေါင်မိုး ပေါ်တက်ပြီးတော့ ခေါင်မိုးပေါ်ကနေ မိန်းမကိုအမြဲတမ်း ကြည့်သတဲ့။

မြွေကြီးကတစ်ခါတစ်ရံ ကြည့်ရင်းက အရှိန်လွန်လွန်ပြီးတော့ မိန်းမအနား ပြုတ်ကျရော၊ ဟိုကလန့်အော်တာပေါ့ နောက်တော့ အဆိပ်မရှိတဲ့ မြွေမှန်းသိတော့ သတ်တော့ မသတ်ဘူးပေါ့ သူ့လင်ငယ်ကို တစ်ခြားတစ်နေရာ သွားလွှတ်ခိုင်းတယ်၊ သွားအဝေးသွားလွှတ်လိုက်ပေါ့၊ အဝေးလွှတ်လည်း ကိုယ်တော်ချောမြွေက ပြန်လာတာပဲ၊မယားဇောနဲ့ ကြည့်စမ်းယောဂီတို့ တဏှာ၊ ဘာပါပါလိမ့်၊ (တဏှာပါဘုရား)။

အဲဒါကြောင့် ဘယ်သူမှမစွဲကြနဲ့ ယောဂီတို့၊ စွဲလမ်းတာမှန်သမျှ ပြိတ္တာဘုံပဲပို့မှာ၊ အပါယ်ဘုံပေါ့၊ အခုအပါယ်ကျ သွားပြီ၊ နောက်တစ်ကြိမ်လည်း အဲဒီလို သူ့နားပြုတ်ပြုတ်ကျတော့ မိန်းမကရိပ်မိသွားပြီ၊ ဟာ ပုံစံကြည့်ရတာ ငါ့လင်သေ ပြီးမြွေဖြစ်နေတာ နေမှာ၊ လက်စဖြောက်မှဖြစ်မယ်ဆိုပြီး တစ်ခါတည်း လင်ငယ်ကိုအဲဒီ မြွေကြီးကို သတ်ပြစ်လိုက်တော့တဲ့ နောက်ပြန်လာလိမ့်မယ်။

နောက်တစ်ခါ ဒုတိယအကြိမ် ခေါင်းဖြတ်သတ်သေ၊ နှစ်ခါတောင်သတ်မှတော့ အဲဒီမိန်းမ ပေါ်စိတ်မကုန်သင့်ဘူးလား၊ (ကုန်သင့်ပါတယ်ဘုရား)၊ မကုန်ဘူးဗျ ကိုယ်တော်ချောကြီးက၊ ထပ်စွဲပြန်တယ် အဲဒီအိမ်မှာပဲ ခွေးကြီးတစ်ခါ ပြန်ဖြစ်တယ်၊ ဘာဖြစ်လဲ၊ (ခွေးကြီးထပ်ဖြစ်ပါတယ်ဘုရား)။

ကြည့်စမ်း ယောဂီတို့ တဏှာရဲ့ဆိုးရွားမှုကို သိစေချင်လို့၊ ပေါ်စေချင်လို့ ခွေးထပ်ဖြစ်ပြန်ပြီ၊ ခွေးဖြစ် ပြန်တော့လည်း အဲဒီ မိန်းမနောက်ကို တကောက်ကောက် လိုက်နေပြန်တယ်၊ ဘယ်မှမသွားဘူး၊ ကြာတော့ မိန်းမကရိပ်မိသွားတယ်၊ ဒီခွေးကြီးက ငါ့လင်ကြီးသေပြီး၊ ပြန်ဖြစ်ပြန်ပြီထင်တယ်ဆိုပြီး တစ်ခါ လင်ငယ်ကိုသတ်ခိုင်း သေပြန်ရော၊ ခွေးဘဝမှာ သုံးခါလောက်အသတ်ခံရတယ်၊ တခြားကျွတ်ရာ လွတ်ရာ ပြေးပါကောလား၊ မပြေးဘူး၊ စွဲတုန်းပဲ၊ အဲဒီလောက်သတ်တာ၊ နွားကြီးပြန်ဖြစ်တယ်၊ နွားပြန်ဖြစ်တော့လည်း နောက်ကတကောက်ကောက်လိုက်လို့ ကဲကြည့်စမ်း ယောဂီတို့ တခြားလား တဏှာလား (တဏှာကြောင့်ပါ ဘုရား)။

ယောဂီတို့ စကားလေးတစ်ခုလေ ဆိုကြည့်စမ်း၊ လိုချင်လျှင် ဆင်းရဲသည်၊ ကဲ ယောဂီတို့ လိုချင်တာက သမုဒယသစ္စာ လိုချင်တာက ဘာသစ္စာ (သမုဒယ သစ္စာပါ ဘုရား)။ ဆင်းရဲတာကကော (ဒုက္ခသစ္စာပါ ဘုရား)

ကဲ ယောဂီတို့ လိုချင်မှုရှိနေသမျှ ဆင်းရဲပဲလာမှာ မဟုတ်လား၊ ချမ်းသာလာပါ့မလား၊ (မလာပါဘူး ဘုရား)

အေး ဒါကြောင့် ဘာမှမလိုချင်နဲ့၊ မလိုချင်တဲ့နေ့ဟာ ချမ်းသာတဲ့နေ့ပဲ၊ အစွဲတွေကို အခုတည်းကဖြတ်၊ ဖြတ်ထား နည်းနည်းချင်းပေါ့၊ ဦးဇင်း နေ့ခင်းကတောင် ပြောပြလိုက်သေးတယ်လေ၊ ဦးဇင်းတို့ဆို ကွမ်းလည်းမစားဘူး ဆေလိပ်လည်းမသောက်ဘူး၊ ရေနွေးလည်း မသောက်ဘူး၊ ဦးဇင်း ဆိုရင်ရေနွေးတောင် မသောက်ဘူး။ ဦးဇင်းမှာကြည့် ဘာဓာတ်ဘူးမှ မထားဘူး၊ ဦးဇင်းအောက်က ကိုယ်တော်တွေကသာ ဓာတ်ဘူးတွေဘာတွေနဲ့ စတိုင်ကျ လို့ဟုတ် လား၊တပည့်တွေကသာ၊ဓာတ်ဘူးတွေဘာတွေနဲ့

ကိုရင်လေးကအစပေါ့၊ ဦးဇင်းမှာ ဘာမှမရှိဘူးသွားကြည့် ရေရှိရေ သောက်တာပဲ၊ ဘာမှအစွဲမထားဘူး၊ အစွဲမထားတော့ ချမ်းသာတာပေါ့၊ ယောဂီတို့ စွဲရင်ဆင်းရဲတာပဲ၊ ဒါ မသိကြလို့ စွဲတာ၊ ဦးဇင်းတို့ ဆွမ်းလည်းမသေရုံစားတာ တော်ပြီလေ၊ ရှိတာနဲ့ စားသွား၊ အဲဒါ ချမ်းသာနေတာ။ တချို့က မသိကြဘူး၊ အဲဒါ ဦးဇင်းဆိုရင် ပြီးခဲ့တဲ့နှစ်က ရန်ကုန်မှာ သူဌေးတစ်ယောက် ရေခဲသေတ္တာ လာလှူတာ ကျောင်းမှာ ရေခဲသေတ္တာ မရှိလို့တဲ့၊ အလှူမခံဘူး၊ ဦးဇင်းက ဒုက္ခကြီးမလှူနဲ့ လို့၊ ဦးဇင်း မလိုဘူးလို့ ပြောလိုက်တယ်၊ ဆရာတော်တဲ့ အအေးဘူးတွေ ဘာတွေ၊ အသီးအနှံတွေလည်းထည့်သိမ်းရအောင်လှူတာပါတဲ့။

ကျုပ်မှာ အအေးဗူးတွေ၊ သီးနှံတွေ သိမ်းချိန်မရှိဘူးလို့၊ ကျုပ်က သိမ်းတဲ့အလေ့အထ မရှိဘူးလို့ ၊ ကျုပ်က အအေးဗူး ရလို့ရှိရင် အဲဒီ သောက်ရေအိုးအနီးနား ချထားလိုက်တယ်၊ ကြိုက်တဲ့ ကိုယ်တော်ကို ခေါ်သောက်ခိုင်း လိုက်တာ၊ မသိမ်းရဘူးလို့ ပြောလိုက်ရတယ်၊ အဲဒါ သူမလှူရတော့ဘူး၊ ဒါနဲ့ ဦးဇင်း ဒီကိုလည်း ရောက်ရော ရန်ကုန် ရွှေပြည်သာကျောင်းမှာ ရေခဲသေတ္တာကြီး လှူထားပြီတဲ့၊ ရေခဲသေတ္တာ အပြာရောင်ကြီး၊ ဘယ်လိုမှ ငြင်းလို့ မရဘူး၊ မြိတ်သူမြိတ်သားကျမှပဲ အရှုံးပေးရတော့တယ်။

အဲဒီတော့ ကြည့်စမ်း ယောဂီတို့၊ တဏှာဟာ ငါတို့ ဒုက္ခပေးလိုက်တာ အခု နွားဖြစ်ပြန်ပြီ၊ တခြားကပို့တာ လား၊ တဏှာက ပို့တာလား၊ (တဏှာက ပို့တာပါဘုရား)၊ နွားဖြစ်လည်း မိန်းမနောက်က လိုက်၊ ကြာတော့ မိန်းမက ရိပ်မိလေတော့ တစ်ခါ သတ်ပြန်လို့ သေ၊ လေးဘဝသေပြီ၊ ဘယ်နှစ်ဘဝလဲ၊ (လေးဘဝပါဘုရား)။ သူလေးဘဝသေရအောင် တခြားကခိုင်းတာလား၊ တဏှာက ခိုင်းတာလား၊ (တဏှာက ခိုင်းတာပါဘုရား)၊ ဘဝတွေများ ဆိုးလိုက်တာ ကြည့်စမ်း ယောဂီတို့၊ တိရစ္ဆာန်ဘဝလည်း ရောက်ရတယ်၊ ဘဝတိုင်းမှာ ခေါင်းဖြတ် အသတ်ခံရတာချည်းပဲနော်၊ ဒါလည်းပဲ စွဲလမ်းတုန်းပဲ၊ လေးခါသေပြီးပြီနော်၊ ငါးဘဝမြောက်ကျတော့ အဲဒီအမျိုးသမီး ဝမ်းမှာ ပဋိသန္ဓေနေရပြန်တယ်။

ကြည့်စမ်း ယောဂီတို့၊ ဘယ်လောက် ကြောက်စရာကောင်းတဲ့ တဏှာလဲ-လို့၊ ကိုယ်ကို လေးခါ သတ်တဲ့ မိန်းမဝမ်းမှာမှ သားဖြစ်ရပြန်တယ်၊ အဲဒါ ဆိုကြပါစို့၊ မွေးလာတော့ ဇာတိဿရဉာဏ်ရတဲ့ အတွက် အဲဒီအချိန်မှာ ဒီကလေးက သူ့အမေကို ကြည့်လို့ကို မရတော့ဘူး၊ မှတ်မိသွားတယ်၊ “ဟာ ငါ့ကို လေးဘဝတောင် ခေါင်းဖြတ်သတ်တဲ့ မိန်းမယုတ် ကြီးဆိုပြီး အဲဒီဘဝမှာ ကလေးက ဒီအမျိုးသမီးကို အကိုင်တောင် မခံတော့ဘူး။ နို့လည်း မစို့တော့ဘူး၊ သူကိုင်ရင် တအားငိုတယ်၊ ဒါနဲ့ သူ့အဖိုးကပဲ မွေးစားပြီး ကျွေးမွေးထားရတယ်၊ အရွယ် ရောက်လာမှ အဖိုးဖြစ်သူက မေးတာပေါ့၊ “သားရယ်၊ မင်း ကိုယ့်အမေအရင်းကို ဘာလို့ အကိုင်အတွယ် မခံချင်၊ နို့မစို့ချင်ရတာလဲ” လို့ မေးတော့မှ ဖြစ်ကြောင်း ကုန်စင် ပြောပြတော့တာ၊ “အဘိုး၊ ကျွန်တော့်ကို လေးဘဝတောင်မှ ခေါင်းဖြတ်သတ်ခိုင်းခဲ့တဲ့ မိန်းမ ယုတ်ကြီး၊ ဒါ့ကြောင့် သူ့အထိ၊ သူ့အကိုင်အတွယ်ကို မခံတာ”။ နို့လည်း မစို့ဘူးဆိုတော့မှ သူ့အဘိုးက မြေးကို ဖက်ပြီးငိုရှာတယ်၊ “မြေးလေးရယ်၊ မင်းဘဝဆိုးလိုက်တာ” ပေါ့၊ လေးဘဝတောင် အသတ်ခံရတယ် နည်းတဲ့ကာလတွေ မဟုတ်ဘူး၊ အဲဒီကျမှ မြေးကော အဖိုးကော တစ်ခါတည်း ထွက်ပြေးပြီးတော့ ရဟန်းပြု တရားအားထုတ်တော့မှ နှစ်ယောက်စလုံး တရားထူးရပြီး ရဟန္တာဖြစ်ရတယ်။

ဟော----ယောဂီတို့တဏှာလည်းကုန်ရော ချမ်းသာသွားတယ်၊ တဏှာကုန်တော့ ဘာဖြစ်၊ (ချမ်းသာသွားပါ တယ်ဘုရား)၊ ယောဂီတို့ ချမ်းသာအောင် ကြိုးစားရမယ်နော်၊ (မှန်လှပါဘုရား)။

ဒါ တဏှာရဲ့အပြစ်တွေပေါ့၊ ဒါတွင်ပဲလား၊ မကသေးဘူး၊ နောက် ဦးဇင်းရဲ့ အတွေးအခေါ်လေးတစ်ခု ပြောပြမှာပေါ့၊ အရင်ဆုံး **မိတ်ဆွေနဲ့ရန်သူ** ဆိုပြီးတော့ ဦးဇင်းတို့ မြတ်စွာဘုရားရဲ့ သုတ္တန်လေးတစ်ခုကို ဦးတည်ရ အောင် သံယုတ်ပါဠိတော်မှာ ပါတာလေး မမေ့စရာပါပဲ၊ ဒုတိယသုတ်တဲ့၊ ဟော--ဘာသုတ်တဲ့၊ (ဒုတိယသုတ်ပါဘုရား) နာမည်လေးကိုက ဒုတိယသုတ်မှာ ရဟန်းတစ်ပါးက

မေးတာလေးရှိတယ်၊ “မြတ်စွာဘုရား၊ အဖော်နဲ့ နေတယ်၊ အဖော် ကင်းပြီးတော့ တစ်ယောက်တည်း နေတယ်ဆိုတာ အဘယ်ကဲ့သို့သော နေခြင်းကို ခေါ်တာပါလဲဘုရား” တဲ့။

ဒါ ယောဂီတို့ မှတ်လိုက်၊ အခု တရားရှုနေတဲ့ ယောဂီတွေ မြတ်စွာဘုရားက ဒီလို ဖြေပါတယ်၊ “ချစ်သား၊ အဖော်နဲ့နေတယ်ဆိုတာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ထိဆိုတဲ့ အာရုံငါးပါးတွေကို စွဲလမ်းတပ်မက်တဲ့ တဏှာနဲ့နေရင် အဲဒါကို အဖော်နဲ့နေတာလို့ ဆိုတယ်”၊ ဆိုလိုတာကတော့ တောထဲမှာ တစ်ယောက်တည်း သွားနေရင် အဲဒီ ကိုယ်နေတဲ့ တစ်ပါးနေကျောင်းလေးကို စွဲနေရင်လည်း တဏှာပဲ၊ အဲဒီ တဏှာရှိရင် အဖော်နဲ့ နေတာပဲ-တဲ့။ ဟော--လူတွေကြားထဲမှာ နေတော့လည်းပဲ အာရုံတွေကို ဘာမှ မစွဲလမ်းဘူး၊ တဏှာမရှိဘူးဆိုရင် အဲဒါ အဖော်ကင်းပြီးတော့ နေတာလို့ ဆိုရမယ်၊ တစ်ယောက်တည်းနေတာ ဘာမှမစွဲနဲ့ မစွဲရင်တစ်ယောက်ထဲနေတာပဲ၊ တဏှာမရှိရင် တစ်ယောက်တည်း နေတာပဲ၊ ဘာမှ ပူစရာမရှိဘူး၊ ဘာမှ ဒုက္ခမရောက်ဘူး၊ အေး တဏှာရှိရင်တော့ ဒုက္ခရောက်ပြီတာမှတ်တော့၊ အဲဒါကို ယောဂီတို့ သဘောပေါက်အောင် ပုံစံနှစ်မျိုးပြမယ်။

တစ်ဦးက တစ်ပါးနေကျောင်းလေးဆောက်ပြီးတော့ တောထွက်ပြီးနေတယ်၊ နောက်တစ်ဦးက မိဖုရားပေါင်းရာနဲ့ချီပြီး နန်းတော်ကြီးတစ်ခုလုံးကို အုပ်ချုပ်ပြီး ဘုရင်အဖြစ်နဲ့ နေတယ်၊ အပေါ်ယံကြည့်ရင်တော့ ဟာ. . ရှင်ဘုရင်ကတော့ ့တဏှာတွေပိုများမှာပဲ ဘာလို့လည်းဆိုတော့ မိဖုရားတွေကလည်းအများကြီး သားသမီး တွေကလည်း အများကြီးဆိုရင်ပေါ့၊ တစ်ပြည်လုံးကို အုပ်ချုပ်ရတဲ့ မင်းပေါ့၊ တဏှာတွေနဲ့ အဖော်ရှိမှာပဲလို့ နောက် ဟိုမှာတော့တဲ့ တစ်ပါးတည်း နေတဲ့ ဘုန်းကြီးကတော့ အဖော်ကင်းမှာပဲ၊ ဒါကအပေါ်ယံမျက်စိနဲ့ကြည့်တာ၊ တရားမျက်စိနဲ့ ကြည့်တော့၊ နန်းတော်ကြီးထဲမှာ မိဖုရားပေါင်းများစွာနဲ့နေတဲ့ဘုရင်ကြီးက အဖော်ကင်းတယ်တဲ့၊ တစ်ယောက်တည်း တောထဲမှာ တစ်ပါးနေကျောင်းလေးနဲ့ နေတဲ့ဘုန်းကြီးက အဖော်နေတာတဲ့ ယောဂီတို့။

အံ့သြစရာဖြစ်နေပြီ ဟာ အရှင်ဘုရား ဘယ်လိုတုန်းဘုရား၊ ဒီလိုတဲ့ အဲဒီဘုန်းကြီးတကယ့်ဖြစ်ရပ်၊ ဒါစစ်ကိုင်း တိုင်းမုံရွာခရိုင် ဘုတလင်မြို့ နယ်ရဲထွင့်ရွာကပေါ့၊ အဲဒီရဲထွင့်ရွာရဲ့အဝန်းအဝိုင်းပေါ့ တောရတော့ တောရပဲ၊ အဲဒီရဲ ထွင့်ရွာဝန်းအဝိုင်းထဲမှာပါတဲ့ ကျောင်းတစ်ကျောင်းပေါ့၊ ရေပုဒ်တော တောရကျောင်းလို့ ခေါ်တယ်၊ ရေတွေဝင်ပြီးပြန် မထွက်ပဲ ရေတွေက ပုပ်ကုန်လို့ အဲဒီနေရာကို ရေပုပ်တော တောရကျောင်းတဲ့၊ တစ်ပါးနေကျောင်းလေးနဲ့ ရဟန်းတစ် ပါး အပေါ်ယံအမြင်တော့ တရားအားထုတ်တယ်ပေါ့။

သို့သော် ပုံစံကြည့်ရတာ ယောဂီတို့ ဆရာမရှိ ဘာမရှိနဲ့ ရမ်းပြီးအား ထုတ်တယ်နဲ့ တူပါတယ်၊ အခြေခံလည်း ဘာမှရှိဟန် မတူပါဘူး၊ အဲဒီတော့ အပေါ်ယံကြည့်ရင် တစ်ပါးတည်း နေတာပဲ အဖော်ကင်းတယ် တစ်ယောက်ထဲဆိုပေမယ့် သူ့မှာအစွဲအလမ်းရှိတယ်၊ ဘာစွဲလမ်းတာလည်းဆိုတော့ အဲဒီ တစ်ပါး နေကျောင်းလေးကို စွဲလမ်းနေတယ်၊ ဒါ တဏှာပဲ၊ ဒါ့ကြောင့် သူလည်းသေရော ဘုန်းကြီးဆိုတော့ ပျံလွန်တော်မူတယ် ပေါ့၊ တကယ်တော့ ပျံလွန်တော်မမူပါဘူး။ လျှိုးတော်မူတာပါ၊ အဲဒီကျောင်းကြီးထဲမှာ သရဲကြီးသွားဖြစ်တယ်၊ ကြည့်စမ်းယောဂီတို့ တစ်ခြားကြောင့်လား တဏှာကြောင့်လား၊ (တဏှာကြောင့်ပါဘုရား)။

ဒါ့ကြောင့်ယောဂီတို့ ကိုယ့်ကိုယ်ကို မကောင်းတဲ့ဘဝ မရောက်ချင်ရင် တဏှာကို အမြဲတမ်းသတိပေးနော် ဒါပေမယ့် ယောဂီတို့ရေ အကျဉ်းချုပ်ကတော့ ကိုယ်ခန္ဓာကိုတောင်မှမတွယ်တာနဲ့၊ သြော်. . . ခန္ဓာငါးပါး အနိစ္စမမြဲဘူးသိနေရှုနေရင်လေ အပြင်ကဟာတွေ ဘာမှမတွယ်တာတော့ပါဘူး၊ အဓိကတော့အပြင်ကဟာတွေ တွယ်တာတယ်ဆိုတာ၊ ဟောဒီအတွင်းကိုတွယ်တာတာ၊ ငါ့ခန္ဓာကိုယ်ကြီးက တည်မြဲတယ်လို့၊ ကိုယ့်ခန္ဓာကိုယ် တည်တာတဲ့ တဏှာအရင်းခံပြီးမှတည်တာလေ၊ တခြားခန္ဓာ

တခြားပစ္စည်းတွေကို တွယ်တာနေတာပါ။ အဲ့ဒါကြောင့်ကိုယ့်ခန္ဓာကိုယ်ကို အရင်ဆုံးမတွယ်မိအောင်ကြိုးစားကြ၊ အခုတော့ ကြည့်စမ်းပါအုံး ပြိတ္တာကြီး ဖြစ်သွားတယ် မကျွတ်ဘူး၊ အဲဒီကျောင်းလေးက နေရာကကောင်းတော့၊ နောက်ကျတော့ကိုယ်တော် သုံးပါးကလာပြီးတော့ တရားအားထုတ်တယ် သူ့ကျောင်းကိုလာနေရမလားဆိုပြီးတော့၊ အဲဒီကိုယ်တော် သုံးပါးကိုဇာတ် ချိုးသတ်ပစ်တယ်၊ ဘယ်လောက်ကြောက်စရာကောင်းလိုက်သလဲ ယောဂီတို့ကြည့်စမ်း။

အဲဒါ တပါးတည်း တပါးတည်းနေတဲ့ပုဂ္ဂိုလ်၊ ဒေါသတွေနဲ့ စတုတ္ထမြောက် ကိုယ်တော်က အဲဒီသတင်းတွေကို ကြားတော့၊ သွားမယ်ဆိုပြီးတော့ ဒကာ, ဒကာမတွေက ဝိုင်းပြီးတော့ တားကြတာပေါ့ အရှင်ဘုရားမသွားပါနဲ့၊ ရှေ့မှာ လည်းကိုယ်တော် သုံးပါးသေပြီးသွားပြီ၊ အဲဒီ အရင်ဆုံးကိုယ်တော်ကြီးက မကျွတ်ဘူးတဲ့၊ ယောဂီတို့ ရှက်လည်းရှက် စရာပဲနော်၊ ဘုန်းကြီးကသရဲဖြစ်နေတော့ ကမ္မဝါဖတ်လည်းမရဘူး ကမ္မဝါဖတ်ရင်သူကပါလိုက်ဖတ်တာလေထွက်မပြေးဘူး၊ မကြောက်ဘူး အဲဒါကြောင့် ဆရာတော်တစ်ပါးက ဆုံးမတာပေါ့၊ အဲဒါ မှတ်ထားတဲ့ မင်းတို့ကတုန်းရှုတ်ရင် ရှင်းမရဘူးတဲ့ ဟုတ်လားယောဂီတို့၊ ဟုတ်တယ် ဘုန်းကြီးရှုတ်ရင်ရှင်းလို့ကို မရတော့ဘူး၊ အဲဒါနဲ့ အဲဒီစတုတ္ထမြောက်ကိုယ် တော် သွားမယ်ဆိုတော့ ဝိုင်းတားကြတယ် ဟိုကိုယ်တော်က မသွားပါနဲ့တဲ့၊ ကျုပ်မှာအဆောင်ကောင်းပါတယ်တဲ့ ဟော ဘာပါတယ်တဲ့လဲ (အဆောင်ကောင်းပါပါတယ် ဘုရား)။

ဟုတ်တယ်ယောဂီတို့ သူလဲသွားရောဘာမှမနှောက်တော့ဘူး၊ သုံးလေးလထိကြာတယ် အနှောက်ယှက်မပေး တော့ဘူး၊ ဒါဆို ဆရာတော်သူက ဘာအဆောင်ကောင်းလဲဆိုတော့ မေတ္တာအဆောင် ဘာအဆောင်တဲ့လဲ (မေတ္တာအဆောင်ပါ ဘုရား)။

အခု ယောဂီတိုလဲ တရားထိုင်ကာနီး၊ တခါတရားအားထုတ်ပြီး မေတ္တာမပွားကြဘူးလား (ပွားကြပါတယ်ဘုရား)။ အဲဒါ အကောင်းဆုံးအဆောင်ပဲ ဘယ်တော့မှမမေ့နဲ့ ယောဂီတို့၊ တစ်ချို့က မေတ္တာဟာဘာလုပ်မှာလဲ သစ္စာလေး ပါးတရား ဒီဝိပဿနာတရားရှုမှတ်ပွားများမှတော့၊ ဒီမေတ္တာဘာလုပ်မှာလဲ၊ အဲဒါသေမယ်,သေမယ် တောတောင်တွေ တည်းနေရင် ပိုပြီးတော့လိုတယ် မေတ္တာကို မေတ္တာမရှိရင်ဒုက္ခရောက်တာပဲ။ ဝိပဿနာနဲ့မလုံလောက်သေးဘူး မေတ္တာဖွဲ့ရတယ် အမြဲတမ်းပွားလည်း ပွားရတယ်၊ မေတ္တာပွားပြီးမှ ဝိပဿနာဆက်ရှု အန္တရာယ်ကင်း၊ ဘေးရှင်းအားလုံးကလည်း စောင့်ရှောက်တယ်၊ သို့မဟုတ်ရင် အနှောက်အရှက်တွေကသိပ်များတယ်၊ အခုကြည့်လေ၊ ကိုယ်တော် သုံးပါးသေသွားပြီဝိပဿနာလုပ်ရင်းနဲ့၊ ဒီကိုယ်တော်က မေတ္တာပွားတော့ မနှောက်ယှက်ကြတော့ဘူး။

အဲသုံးလေးလအနှောက် အယှက်မရှိတော့၊ ဒီကိုယ်တော်က သူစိတ်တည်းမှာ ရှိတယ်လို့ကို မထင်တော့ပါဘူး ဟာ. . . ရှိမယ်မထင်ပါဘူးဆိုပြီး မေတ္တာတောင်မပွားတော့ဘူးပေါ့၊ ဝိပဿနာပဲအားထုတ်တော့တယ်၊ အဲမေတ္တာလည်း မပွားရော အဲဒီဘုန်းကြီးကို သရဲကြီးက၊ ကျောင်းရဲ့တိုင်ပေါ်ကကို ဆင်းလာတော့တာတဲ့ ကိုယ်ထင်ပြပြီးတော့ မကောင်း ဆိုးဝါးကြီးပေါ့၊ ဘီလူးပုံစံကြီးဖြစ်ပါလိမ့်မယ် အဲဒါ နင်ရှုတ်တယ်ပေါ့၊ ငါ့ကျောင်းတည်းမနေနဲ့ ဘာညာပေါ့ အဲဒီကျမှ ဟိုကိုယ်တော်က မေတ္တာပို့ပြီတော့ တရားဟောတယ်တဲ့၊ အရှင်ဘုရားမှားနေပြီ ရဟန်းဘဝတုန်းကလည်း ဘာမှမဟုတ်တဲ့ ဒီကျောင်းလေးကိုစွဲပြီးတော့ အခုအရှင်ဘုရား မကောင်းဆိုးဝါးဖြစ်ရတယ်။

ဒီပြိတ္တာဘဝမှာလည်း ကြည့်စမ်း ရဟန်းသုံးပါးကိုသတ်ပစ်တယ်၊ အရှင်ဘုရားငရဲအထိသွားရလိမ့်မယ် အဲဒီ တဏှာတွေကိုဖြတ် သီလတွေယူဆိုပြီးတော့ ငါးပါးသီလတွေ ဘာတွေဆောက်တည်ပေးပြီးတော့၊ တရားဟောပေးတယ် နောက်သူပြုတဲ့ကုသိုလ်တွေကို အမျှပေးတယ်ပေါ့၊ အဲဒီကျမှမကောင်းဆိုးဝါးဘဝက လွတ်သွားရတ်။ ကြည့်စမ်းယောဂီတို့၊ သြော်. . . ဒါဆိုရင် အဖော်ကင်းတယ်ဆိုတာ တဏှာကင်းတာ၊ တဏှာနဲ့မနေဘူး၊ ဘယ်သူမှမစွဲဘူးပေါ့၊ အဖော်ရှိတယ်ဆိုတာက တဏှာရှိတာကိုပြော

တာ၊ ကိုင်း အဲဒီတဏှာက ယောဂီတို့ကို စွဲလမ်း မှုဖြစ်တာ၊ ပြင်ပစည်းစိမ် ဥစ္စာဘယ်လောက်ရှိရှိ မစွဲလမ်းရင်ကိုယ့်ကိုဒုက္ခပေးသလား။ (မပေးပါဘူးဘုရား)။

မပေးဘူး စွဲလမ်းမှ ယောဂီတို့ကိုဒုက္ခပေးတာ အခုကြည့်ရအောင်စော စောကဘုရင်ကြီးက ဘယ်သူလဲဆိုတော့ သုဒ္ဓေါဓနမင်း၊ ဘယ်သူတုံး၊ (သုဒ္ဓေါဓနမင်းပါဘုရား)၊ သူကယောဂီတို့နိုင်ငံကို အုပ်ချုပ်နေတာလေရှင်ဘုရင်ကြီးပဲ၊ မယားတွေအများကြီးမှရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ရှိတယ်၊ ဘာတောမှမထွက်ဘူး၊ ဘာဘုန်းကြီးမှမဝတ်ဘူး၊ နိုင်ငံအုပ်ချုပ်နေတာ၊ သို့သော် မြတ်စွာဘုရားတ ရားကို သေချာနာတယ်၊ ယောဂီတို့တရားရခြင်းအကြောင်းထဲမှာ ဒါပြီးခဲ့တဲ့ရက်က ဒီကယောဂီတွေနာပြီးသားပါ၊ တရားကိုသေချာနာတယ်၊ နားလည်အောင်နာတယ်၊ နောက်မှတ်သားတယ်၊ ဆင်ခြင်တယ်၊ ကိုယ့်နိုင်ငံအုပ်ချုပ်ရင်းနဲ့ ဆင်ခြင်တယ်၊ ကိုယ့်နိုင်ငံအုပ်ချုပ်ရင်းနဲ့ရှုပွားတယ်။

ပြောခဲ့ပြီလေဝိပဿနာတရားဆိုတာ စီးပွားပျက်စရာမလိုဘူးတဲ့ ဒါလယ်တီဆရာတော်ကြီးရေး ထားတဲ့စကား၊ ဦးဇင်းရေးတဲ့ မင်္ဂတား ဖိုလ်တားစာအုပ်ကိုဖတ်ကြည့်ပါ၊ တစ်ချို့ကမသိရှာ ဘူး မဂ်ဉာဏ် ဖိုလ် ဉာဏ်ဆိုရင်သားတွေ မယားတွေစွန့်၊ စီးပွားတွေဘာမှ မလုပ်နဲ့တော့၊ မလုပ်ပါဘူးယောဂီတို့၊ သားတွေမယားတွေစွန့်၊ စီးပွားတွေ ဘာမှမလုပ်နဲ့တော့ဆိုတာ မဟုတ်ပါဘူးယောဂီတို့၊ အဲဒီလို သားတွေ မယားတွေစွန့် စီးပွားတွေပစ်ပြီး အားထုပ်တာဟာ သမထ၊ ကောင်းကင်ကိုပျံဖို့ဆိုရင် အဲဒီလိုသမထကို လုပ်ရတယ်၊ ရိုးရိုးနဲ့ မရဘူး။ သမထကျတော့ တကယ်ကို တောထဲထွက်မှ ရတယ်၊ သူက ဘယ်လောက် အထိ အလုပ်ရှုပ်သလဲဆိုရင် မိန်းမထိုင်ခဲ့တဲ့နေရာကို ယောကျ်ား သွားထိုင်ရင် အဲဒီသမထက ရှေ့မတက်တော့ဘူး၊ အဲဒီလောက် အလုပ်ရှုပ်တယ်၊ ကုန်ကုန်ပြောရရင် ယောဂီတို့ ဦးဇင်းတို့ ဝိပဿနာက ယောဂီများ ကြည့်ရင်းကို ရှုလို့ရတယ်၊ ပွဲကြည့်ရင်းကို ရှုလို့ ရတယ်၊ ရှုတတ်ရင်ပေါ့။

တီဗွီကြည့်ရင်းလည်း ရှုလို့ရတယ်၊ အချိန်မရွေးဘူး၊ အလုပ်မရွေးဘူး၊ ယောဂီတို့ စဉ်းစားကြည့်လေ၊ ကဲ-- အခုတရားပွဲ ပြီးရင် ကျောင်းပေါက ဆင်းမယ်ပေါ့၊ ဟိုမှာ ထောင်ထားတဲ့ ဆိုင်းဘုတ်ကြီးကို တွေ့တယ်ပေါ့၊ တွေတဲ့ အချိန်မှာ ဒါဟာ ခန္ဓာငါးပါး အနိစ္စရယ်လို့ စိတ်ထဲကနေရှု လိုက်ရင် မရဘူးလား၊ (ရပါတယ်ဘုရား)၊ အဲဒါ ဝိပဿနာပဲ။ အဲဒါပဲ ယောဂီတို့၊ ဘယ် လောက် လွယ်သလဲလို့၊ သို့သော် ဒီမြန်မာပြည်မှာ ယောဂီတို့ ဒီလွယ်တဲ့နည်းကို မသိဘူးဖြစ်နေတယ်၊ ခက်ခဲတဲ့ ဆင်းရဲတဲ့နည်းကိုကျတော့ ယောဂီတို့မှာ ကြောက်ကုန်တာပေါ့၊ ဒါ့ကြောင့် ဦးဇင်းက လွယ်တဲ့နည်း၊ ချမ်းသာတဲ့နည်းလေးကို အပင်ပန်းခံပြီးတော့ မြိတ်မြို့ကို လာဟောပေးတာပါ၊ ဦးဇင်း ကြွလာရတဲ့ ရည်ရွယ်ချက်က ဒါပါပဲ။

ရစေချင်လွန်းလို့၊ ဩော်---ဝိပဿနာဆိုတာ လက်စသတ်တော့ စီးပွားလည်း ဖျက်စရာမလိုဘူး၊ အခုကြည့်၊ သုဒ္ဓေါဒနမင်းကြီး ဘယ်ကိုမှ မရောက်လိုက်ရပါဘူး၊ မြတ်စွာဘုရား သူ့နန်းတော် လာဟောတဲ့တရားကို သေချာမှတ်မိ အောင်နာကြားပြီးတော့ မေးမြန်းဆွေးနွေးရင်းနဲ့ ဆင်ခြင်တယ်၊ ရှုပွားတယ်၊ အဲဒါနဲ့ ယောဂီတို့ရေ၊ ကြည့်စမ်း၊ သောတာပန် သကဒါဂါမ် အနာဂါမ် နောက်ဆုံး ရဟန္တာအထိ ဖြစ်ရတယ် မဟုတ်လား၊ ကဲ--မင်းဝတ်မင်းစားကြီးနဲ့ ဘာဖြစ်သွားပြီ လဲ၊ (ရဟန္တာဖြစ်သွားပါပြီဘုရား)။ ရဟန္တာဖြစ်သွားတယ်၊ အဲဒီရဟန္တာဘဝနဲ့ပဲ ဘုရင်ဘဝနဲ့ပဲ ပရိနိဗ္ဗာန်စံသွား တယ်၊ ရဟန်းမဝတ်လိုက်ရဘူး၊ သူ့ကံလည်း ကုန်သွားလို့ပေါ့၊ ဒီတော့ လူ့ဘဝနဲ့ပဲ ရဟန္တာဖြစ်ရင်တော့ သက်တမ်းကျန်သေးလို့ရှိရင် ရဟန်း ဘဝဝင်ရတယ်၊ လူ့ဘဝနဲ့တော့ ရဟန္တာအဖြစ်ဟာ ဆက်နေလို့မရဘူး၊ ခုနစ်ရက်ပဲ နေလို့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရဟန္တာအဖြစ်က သိပ်တန်ဖိုးကြီးမားတော့ လူ့ဘဝ၊ လူ့ခန္ဓာနဲ့မတန်ဘူး။

# သစ္စာလေးပါး အပိုင်း(၃) တရားတော်

ဒါကြောင့် ရဟန္တာဖြစ်ပြီးရင်တော့ တစ်ခါတည်း ရဟန်းဝတ်လိုက်ရတယ်၊ ရဟန်းမဝတ်ရင်တော့ ခုနစ်ရက်ပြည့် ရင် ပရိနိဗ္ဗာန်စံရတာပေါ့၊ သူ့သက်တမ်း ကုန်သွားပြီ၊ အခု- သုဒ္ဓေါဒနမင်းကြီးက သက်တမ်းကလည်း ကုန်ပြီ၊ ဒါကြောင့် သူကရဟန္တာလည်းဖြစ်၊ မင်းဝတ်မင်းစားတွေနဲ့ပဲ ပရိနိဗ္ဗာန်စံတယ်၊ ကိုင်း- ယောဂီတို့ ပြန်သုံးသပ်ကြစို့။ ဒါဆို ဒုတိယသုတ်ရဲ့ အဖော်ဆိုတာဟာ သားတွေ သမီးတွေ မယားတွေ ရွှေငွေကျောက်သံပတ္တမြားတွေလား၊ တဏှာလား၊ (တဏှာပါဘုရား)၊ ဩော်- အဖော်ဆိုတာ တဏှာပဲ ယောဂီတို့၊ ဟုတ်လား၊ တဏှာရှိရင် အဖော်ရှိတယ်၊ တဏှာမရှိရင် အဖော်မရှိဘူး၊ အခုဆိုကြပါစို့၊ ပိုရှင်းအောင်ပြောမယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီး၊ မိုးကုတ်မှာရော သူ့ရဲ့ဇာတိမြစ်သားမှာ နောက်- ယောဂီတို့ အခု အမရပူရမှာရော သူ့ကျောင်းတွေ အများကြီးမရှိဘူးလား၊ (ရှိပါတယ် ဘုရား)။

ရှိတယ်၊ ဒီလိုဆို ယောဂီတို့ ဆရာတော်ကြီးက ဒါတွေကို တပ်မက်တဲ့တဏှာတွေ ရှိသေးလား၊ (မရှိပါဘူးဘုရား)၊ မရှိတော့ ဆရာတော်ကြီးကို ဒုက္ခပေးသေးလား၊ (မပေးပါဘူးဘုရား)၊ ဒါအဖြေပဲ၊ အဖော်မရှိဘူး၊ နောက် ဝေဘူဆရာ တော်ကြီး ရဟန္တာပဲ၊ ဆရာတော်ကြီးလဲပဲမြို့ သုံးမြို့မှာရိပ်သာသုံးခုပဲ သူ့ကျောက်ဆည် ပြီးတော့သူရဲ့ဇာတိမြို့၊ နောက် တခြားမြို့တစ်မြို့၊ အဲဒီလိုပဲလှည့်ပြနေတာ ဦးဇင်းတို့ပြသလိုပဲ၊ ကဲ. . ယောဂီတို့ အဲဒီလိုသူမြို့ကျောင်းကြီး သုံးကျောင်းရှိ သော်လည်း၊ ဆရာ တော်ကြီးတို့မှာ အဲဒီဟာတွေကို စွဲလမ်းတဲ့တဏှာရှိသေးရဲ့လား၊(မရှိတော့ပါဘူး ဘုရား) မရှိတော့ဒုက္ခပေးလား၊ (မပေးတော့ပါဘူး ဘုရား) ဒါအဖြေပဲ၊ ပြင်ပအဆောက်အဦး ပစ္စည်းဥစ္စာတွေက ဘာမှဒုက္ခမပေးဘူး ကိုယ်ကသွားစွဲတဲ့တဏှာကသာ ဒုက္ခပေးတာ၊ မစွဲရင်ဘာမှမဖြစ်ဘူးယောဂီတို့ မစွဲဖို့ဆိုတာက၊ အဲဒီ စွဲလမ်းခြင်း တဏှာရဲ့ အပြစ်တွေသိဖို့ပဲ။

အခု ဒါကြောင့်အပြစ်တွေပြောနေတာ၊ ဩော်. . . စွဲလမ်းခြင်းတဏှာက တော်တော်ဆိုးတာပါလား၊

ဘယ်လောက်ထိဆိုးသလဲတဲ့၊ သေတဲ့အထိဆိုးတယ်၊ ဘယ်လောက်အထိဆိုးတလဲ၊ (သေတဲ့အထိဆိုးပါတယ်ဘုရား)၊ ယောဂီတို့မှာတင် မဟုတ်ပါဘူး၊ ယောဂီတို့ သေတဲ့အထိ ဆိုးတာပြောမယ်၊ သီဟိုဠ်ကျွန်းမှာ အဲဒါဦးဇင်းဖတ်ထားတာ မကြာသေးဘူး၊ ဓမ္မကထိက ကိုယ်တော်လေးတစ်ပါးပေါ့၊ သူကတရားဟော တအားကောင်းတော့ အဲဒီမှာဘုရင်ကြီး ကလည်း သူ့ရဲ့မိဘုရားဟာ သမီးတော်တွေပါ ခေါ်ပြီးတော့ ကိုယ်တော်လေးဟောတဲ့ တရားကိုလာနာတယ်ပေါ့၊ အဲဒီ တော့ ယောဂီတို့ တရားဟောတဲ့ အဲဒီကိုယ်တော်လေးက ခပ်ငယ်ငယ်ဆိုတော့၊ ဘုရင့်သမီးတော်နဲ့ မျက်လုံးချင်းဆုံတော့ ရင်ခုန်သတဲ့၊ ဒါနဲ့ ယောဂီတို့ရေ တရားတွေ ဘာတွေဟောရင်းနဲ့ ရပ်သွားတယ်ပေါ့၊ ရှေ့ဆက်ပြီးတော့ မရတော့ဘူး အဲဒါကို ဘုရင်ကြီးက ရိပ်မိသတဲ့၊ ဩော်သူတို့ ဒါဒုက္ခပဲ၊ကဲပါလေ တရားပွဲခဏရပ်ပြီးတော့မေးမယ်၊ ကဲသမီးတော်နှင့် ကိုယ်တော် ပြောချင်တာရှိရင်ပြော၊ တော်တော်သဘောကောင်းတဲ့ ဘုရင်ကြီးသိလား၊ အဲဒါသူတို့နှစ်ယောက် ဘေးက အကာတွေကာပေးလိုကတယ်တဲ့၊ လိုက်ကာတွေပေါ့ သူတို့ပြောချင်တာ ပြောပါစေ၊ တရားပွဲကို ရပ်လိုက်ပြီး လွတ်လွတ်လပ်လပ်ပေါ့။

အဲဒါ ယောဂီတို့ရေ တင်းတိမ်ကန့်လန့်ကာတွေကို ဖွင့်ကြည့်တော့လေ၊ အဲဒီကိုယ်တော်လေးနဲ့ ဘုရင့်သမီးတော် ဟာ တစ်ယောက်လည်ပင်း တစ်ယောက်ဖက်ပြီး သေနေတာ၊ ဘာဖြစ်သွားလဲ၊ (သေသွားပါတယ်ဘုရား)၊ ဒီတော့ယောဂီ တို့ လောဘဟာ သေအောင်မလောင်ဘူးလား၊ (လောင်ပါတယ်ဘုရား) အခုဒကာကြီးတွေ အိမ်ထောင်ကျပြီးတဲ့ ဒကာကြီးတွေ အကုန်သိတယ်၊ဒကာကြီး ဒကာမကြီးတို့ အိမ်ထောင်မကျခင် ငယ်ငယ်တုံးက တစ်ယောက်နဲ့ တစ်ယောက် လက်မထပ်ခင်က စတွေ့တုန်းက ရင်မခုန်ဘူးလား၊ (ခုန်ပါတယ်ဘုရား)။

# သစ္စာလေးပါး အပိုင်း(၃) တရားတော်

အမယ်ရှုက်မနေပါနဲ့၊ အဲဒါအမှန်တိုင်းပြောတာ၊ ဟုတ်တယ်ယောဂီတို့ ရင်ခုန်တယ်နော်၊ ယောဂီတို့ အဲဒီလို များမြင်ရင်လေ ထမင်းတွေ ဘာတွေမစားတော့ဘူး သိလား၊ အမယ်ရင်တွေခုန်ပြီးတော့ ပြောတယ်တဲ့၊ သူ့မြင်ရတာကွာ ထမင်းတွေတောင် စားမရတော့ဘူးကွ၊ အဲဒါယောဂီတို့ သေမလို့သိလား၊ အဲဒါ တကယ်ပြောတာ ယောဂီတို့၊ ရင်ခုန်တာ လောဘမီးက နှလုံးကို ဟပ်ပစ်လိုက်တာ၊ အဲဒီမှာ ရင်အခုန်တွေ မြန်သွားတာ၊ များရင် ယောဂီတို့ တခါတည်း သေတာပဲ၊ ဒါကြောင့် အဲဒါကို တချို့က မသိတော့၊ အချစ်စာရေးဆရာတွေ ဘာတွေက အမည်တပ်တယ်၊ ဘာတဲ့ ရင်ခုန်မိတာ အချစ်လားတဲ့၊ ဟုတ်လား ယောဂီတို့၊ လာလာသေးတယ်၊ ဒီနေ့ကစပြီး မှတ် ရင်ခုန်မိတာ သေမလို့၊ မသေဘူးလား၊ (သေပါတယ်ဘုရား)။

အခု သေပြီလေ ကြည့်စမ်း၊ အခုကိုယ်တော်လေးနဲ့ ဘုရင်သမီးတော် ဖက်ပြီး တခါတည်းသေတာ၊ အဲဒီတော့ အပေါ်ယံကြည့်လို့ရှိရင်တော့ အော် ဒါနှလုံးရပ်ပြီးတော့သေတာ၊ ဆေးပညာအရပေါ့၊ ဟုတ်လား၊ နှလုံးရပ်သွားတာ ပေါ့၊ အဲဒီတော့ ဓမ္မအရကြည့်ရတော့ တဏှာမီးလောင်လို့ သေတာ၊ ဘာမီးလောင်တာလဲ၊ (တဏှာမီးလောင်တာပါ ဘုရား)၊ ကဲ ယောဂီတို့ တဏှာဟာ မဆိုးရွားဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)၊ ဆိုးရွားရင် လက်မခံနဲ့ သတ်ပစ် သတ်နည်းပြောမယ်။

နံပါတ်တစ် ဒါနပြုပြီးတော့ သတ်၊ နံပါတ်တစ် ဘယ်လိုသတ်ရမလဲ၊ (ဒါနပြုပြီးတော့ သတ်ရပါမယ်ဘုရား)၊ အေး ယောဂီတို့ တတ်နိုင်သမျှ လှူကြ တန်းကြတယ်၊ သင်္ကန်းလှူရင် သင်္ကန်းပေါ့၊ ကဲ ဝတ္ထုငွေတစ်ရာလှူတယ်ထား၊ အဲဒီ တစ်ရာမှာ တွယ်တာတဲ့ တဏှာကို သတ်ပြီးမှ လှူလို့ရတာ၊ ဒါကြောင့် ဒါနပြုတာဟာ ဘာသတ်တာလဲ၊ (တဏှာကို သတ်တာပါဘုရား)၊ အဲဒါ သတ်ပေး၊ နောက်တစ်ခါ အပေ့ါအပါးအလေးစွန့်ရင်းနဲ့ မိမိခန္ဓာကိုယ်ကြီးက မတင့်တယ်ပါ လား၊ ရွံ့စရာကြီးပါလားဆိုတဲ့၊ အသုဘဘာဝနာရှုပေး၊ အဲဒါလည်းပဲ ခန္ဓာကိုယ်ဆိုတဲ့ တဏှာကို သတ်တာ၊ ယောဂီတို့ ဒါ အားလုံးလုပ်ပေးနော်၊ ဒါ အားလုံးဖြည်းဖြည်းချင်းနဲ့ ယောဂီတို့ ပိုကြိုးစားထား၊ အလွတ်မပေးနဲ့။ အဲဒီလို အိမ်သာတက်တဲ့အချိန်ကစ ကိုယ်ခန္ဓာကြီးကို ရွံ့စရာကောင်းပုံကို တခါတည်း ဆင်ခြင်ရတယ်၊ သြော် ရွံ့စရာကြီးပါလား၊ တင့်တယ်တာတစ်ခုမှ မရှိပါလားလို့ ဆင်ခြင်ရတယ် ယောဂီတို့၊ ဆင်ခြင်ပေး၊ ဆင်ခြင်ပေး၊ နောက်တတိယကတော့ စွမ်းနိုင်ရင်တော့ ကောင်းတယ်၊ ဓုတင်ဆောက် တည်ရမယ်၊ ဘာလုပ်ရမလဲ၊ (ဓုတင်ဆောက်တည် ရပါမယ်ဘုရား)၊ ဓုတင်တဲ့၊ (၁၃)မျိုးရှိတယ်၊ ရဟန်းမှ မဟုတ်ဘူး၊ လူတွေပါ ဆောက်တည်လို့ရတယ်၊ နောက်ကို ဦးဇင်းတို့ တဖြည်းဖြည်းနဲ့ ဓုတင်ဆောက် တည်ချင်တဲ့ ပုဂ္ဂိုလ်များလည်း ဆောက်တည်နိုင်အောင် လုပ်ပေးပါ့မယ်၊ ဆိုကြပါစို့။

ပရပိုက်ဓုတင်ပေါ့၊ ပရပိုက်ဓုတင်ဆိုရင် သူကဟင်းခွက်တွေ ဘာတွေနဲ့ မစားတော့ဘူး၊ တခါတည်း ထမင်း ပန်းကန်ထဲမှာ ကိုယ်စားချင်တဲ့ ဟင်းတွေထည့်ပြီး ရောနယ်တဲ့၊ ပြီးတော့ ထမင်း တစ်ပန်းကန်တည်းပဲ စားတော့တာပေါ့၊ တခြား ဟင်းခွက်တွေ လုံးဝ မနိုက်တော့ဘူး၊ အချိုရည်တောင် မသောက်တော့ဘူး၊ အဲဒါ ပတ္တပိုင်ဓုတင်လို့ ခေါ်တယ်၊ အဲဒီလို ဆောက်တည်မယ်ဆိုရင် သူက လောဘသတ်ပြီးသား ဖြစ်တယ်၊ ဆိုကြပါစို့။ ဟင်းခွက်ကငါးခွက် ထမင်းကတစ်ခွက်ဆိုရင် လောဘက ခြောက်မျိုးမဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ များနေပြီ အဲဒီအချိန်မှာ ထမင်းခွက်ထဲ ကိုစားချင်တာ အကုန်ထည့်ပြီးတော့ ကျန်တဲ့ ဟင်းတွေကို မနှိုက်တော့ဘူးဆိုရင် လောဘက ငါးမျိုးလျှော့သွားတယ်၊ တစ်မျိုးပဲကျန်တယ်၊ ဒါ့ကြောင့် ဓုတင်ဆောက်တည်တာဟာလည်းပဲ လောဘကို သတ်နေတာပါ၊ နိုင်တဲ့သူမှန်သမျှ လူရော ရဟန်းရောဆောက်တည်သင့်ပါတယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် မြန်မြန်ရဖို့ အထောက်အပံ့ ဖြစ်တယ်၊ လောဘကို မြန်မြန် ကုန်လွယ်တယ်၊ အများကြီးပေါ့။

# သစ္စာလေးပါး အပိုင်း(၃) တရားတော်

ဒါကတော့ ယောဂီတို့ ဆောက်တည်နိုင်လောက်တဲ့ဟာလေးပေါ့၊ ဧကေသနိတ်ဆိုရင် တစ်ရက်မှာ တစ်ထပ်တည်း စားတယ်၊ ယောဂီတို့ ချမ်းသာတာပဲ၊ ဒါကို ဆောက်တည်ဖူးမှ သိပါတယ်၊ နောက်နံပါတ်လေးကတော့ ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ ဖိုလ်ဉာဏ်နဲ့သတ်တဲ့၊ လေးမဂ် လေးဖိုလ်ရရင် အဲဒီတဏှာ အကုန်ကုန်တာပါဘဲ၊ ကဲ ယောဂီတို့ ဒီနေ့တော့ အချိန်စေ့ပြီ၊ မနက်ဖြန်မှ ယောဂီတို့ မဂ္ဂင်နဲ့ပေါ့နော်။ မဂ္ဂင်တွေကို လက်တွေ့ ရှုပွားပြီးတော့ ဒီသောတာပန်တည်သွား တဲ့ နွားသတ်သမားတစ်ယောက်ရဲ့သားကြီး သောတာပန်တည်ပုံကို အဲဒီမှာ မဂ္ဂင်ရှစ်ပါး ဘယ်လိုဝင်သလဲဆိုတာကို အသေးစိတ် ပြောပြမယ်၊ အဲဒီတော့ ယောဂီများ မိမိတို့ကို သံသရာကြောက ဒုက္ခပေးလာတဲ့ တဏှာဆိုတဲ့ သမုဒယ သစ္စာ သေအောင် ဒါနပြုကျင့်၊ အသုဘရှုပွား၊ ခုတင်ဆောက်တည်ကျင့်၊ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် ကြိုးစားခြင်းဖြင့် မုချမသွေ ကုန်ခမ်းအောင် သတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

* * *